ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၈ ရက်၊ သောကြာနေ့၊ (5-12-2008) (၅ ဂရာ)

# နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံဘုရင်မင်းမြတ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်　ဒီဇင်ဘာ　၅**

၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့အခါ သမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။　(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် နောင်ချိုမြို့နယ် တောင်ခမ်းဒေသ ဆီထွက်သီးနှံစိုက်ခင်းများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော်　ဒီဇင်ဘာ　၄

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂ ရက် နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ရွှေမုဋ္ဌော ကျေးရွာရှိ တောင်သူ ဦးတင်ရန်၏ ဆီထွက်သီးနှံ(ဆီမုန်လာ) စိုက်ခင်းသို့ ရောက်ရှိပြီး စိုက်ခင်းအနီး၌ ခင်းကျင်းပြသထားသည့် ဆီထွက်သီးနှံ မျိုးစေ့နမူနာများ၊ သီးနှံပင်များနှင့် ဆီထွက်သီးနှံမှ ကြိတ်ခွဲထားသည့် ဆီနမူနာများ၊ ဆီထွက်သီးနှံ(ဆီမုန်လာ) စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် နယ်မြေခံတပ်နယ် ဒုဋ္ဌဝတီခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး တပ်နယ် မိသားစုဝင်များအတွက် အဝတ်အထည်နှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တပ်နယ်အတွင်း စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသည့် ဆီထွက်သီးနှံ(ဆီမုန်လာ) စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု တောင်ရှည်တိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူနေသော ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားကာ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေး၍ ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေညောင်-ရပ်စောက်-အင်တော-တောင်ခမ်း-နောင်ချိုလမ်း လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင် (၁၁၅)မိုင် (၄)ဖာလုံရှိ ဒုဋ္ဌဝတီတံတား(နောင်ချို)၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။　**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳



# အရှည်လျားဆုံးကမ်းခြေ ငွေဆောင် ခရီးသွားနှင့်လူမှုစီးပွား ဖွံ့ဖြိုးလာ

**ပြာလဲ့လဲ့ကောင်းကင် ပင်လယ်ပြင်နှင့် ဖွေးဖွေးလှုပ်နေသော သောင်ပြင်ကျယ်အား ပန်ရစ္စာတွေ့ရသည့် Aureum Palace Resort နှင့် ငွေဆောင်ကမ်းခြေအလှ။**

**ပြာလဲ့လဲ့ကောင်းကင်ပြင်။ တစ်မျှော်တစ်ခေါ် မြင်တွေ့ရသည့် ပင်လယ်ပြင်ဆီမှ ရိုက်ပုတ်လာသော လှိုင်းလုံးကြီးများ၊ ဖွေးဖွေးလှုပ်နေသော သောင်ပြင်ကျယ်။ ရှုမျှော်မဆုံးသည့် မြင်ကွင်းများနှင့် လှချင်တိုင်းလှနေသော ကမ်းခြေတစ်ခု။**

ယင်းကမ်းခြေမှာ ဧရာဝတီတိုင်းအတွင်းတွင် တည်ရှိနေသည့် ငွေဆောင်ကမ်းခြေပင် ဖြစ်သည်။

ငွေဆောင်ကမ်းခြေမှာ လာရောက်အပန်းဖြေသူတို့ စိတ်ကျေနပ် အပန်းပြေအောင် ဆွဲဆောင်မှုရှိသည်။ သောင်ပြင်ကျယ်ကျယ်ပေါ်တွင် လာရောက်သူတို့ အနားယူနိုင်မည့် အမိုးငယ်တွေကလည်း အစီအရီ။ ပင်လယ်ကမ်းခြေ၏ သင်္ကေတဟု ဆိုနိုင်သည့် အုန်းပင်များကလည်း ကမ်းခြေတစ်လျှောက်။ ပင်လယ်ပြင်ကြီးဆီမှ တိုက်ခတ်လာသည့် လေပြည်လေညင်းများက စိတ်အာရုံကို ကြည်လင်လန်းဆန်းစေသည်။ ကမ်းခြေတစ်လျှောက်တွင်ရှိသော ဟိုတယ်များ၏ မွမ်းမံတည်ဆောက်ထားပုံကလည်း ကမ်းခြေနှင့် ပန်ရလှသည်။ ပတ်ဝန်းကျင် အလှအပတရားများနှင့် ပြည့်စုံသလို ကမ်းခြေအနီးတစ်ဝိုက်နေသူတို့၏ လုပ်ငန်းခွင်များကိုလည်း လေ့လာနိုင်သည်။ လှပသော ကမ်းခြေရှုခင်းများ၊ လတ်ဆတ်သော လေပြည်လေညင်းများခံစားရင်း တဝုန်းဝုန်းအသံပေးကာ ကမ်းခြေဆီလှမ်းလာနေသော လှိုင်းလုံးကြီးများကိုစီးရင်း အပန်းဖြေနိုင်သော ကမ်းခြေတစ်ခုပင် ဖြစ်သည်။

**ငွေဆောင်ကမ်းခြေ ဖွံ့ဖြိုးလာမှုနှင့်အတူ အနီးတစ်ဝိုက်ဒေသများမှာလည်း ဖွံ့ဖြိုးတိုးတက်လာခဲ့။**

**သတင်းဆောင်းပါး - အိဝါ**
**ဓာတ်ပုံ - စိုးညွန့် (ကြေးမုံ)**

မြန်မာနိုင်ငံတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်အပန်းဖြေနိုင်သည့် ငပလီကမ်းခြေ၊ မောင်းမကန်ကမ်းခြေ၊ ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေ စသည်ဖြင့် ပင်လယ်ကမ်းခြေ များစွာရှိသည်။ ငွေဆောင်ကမ်းခြေမှာ ၂၀၀၀ ပြည့်နှစ်တွင် စတင်ပေါ်ထွန်းလာသော ကမ်းခြေတစ်ခုဖြစ်ပြီး ကမ်းခြေများအနက် နောက်ဆုံးပေါ်ထွန်းခဲ့သော ကမ်းခြေတစ်ခုလည်း ဖြစ်သည်။ အရှည်မိုင်အားဖြင့် ကိုးမိုင်ရှည်လျားပြီး မြန်မာနိုင်ငံရှိ ကမ်းခြေများအနက် အရှည်လျားဆုံး ကမ်းခြေဖြစ်သည်ဟုလည်း သိရသည်။ ငွေဆောင်ကမ်းခြေသည် ဧရာဝတီတိုင်းအတွင်း တည်ရှိပြီး ပုသိမ်မြို့၏　**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✾

အတည်ပြုချိန် ၂း၃၀

ကြေးမုံ
The Mirror

၅-၁၂-၂၀၀၈
(သောကြာနေ့)

# ခုခံအားကျဆင်းမှုရောဂါ ပူးပေါင်းကာကွယ် အိပ်ချ်အိုင်ဗွီပိုးရှိသူအား ကုသပြုစု

ကမ္ဘာတစ်ဝန်းတွင် အေအိုင်ဒီအက်စ် ခေါ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါသည် ကပ်ရောဂါအသွင် ကူးစက်ပျံ့နှံ့လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံအများအပြားက ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးနှင့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများအား ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသည်။

မြန်မာနိုင်ငံအနေဖြင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ကြိုးပမ်းတိုက်ဖျက်လျက်ရှိသည်။ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေး ဗဟိုအဖွဲ့ကို ၁၉၈၉ ခုနှစ်မှ စတင်ဖွဲ့စည်းထားပြီး ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များရှိ ကော်မတီအဆင့်ဆင့်တို့က AIDS ကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဖော်ဆောင်လျက်ရှိသည်။

အထူးသဖြင့် အမျိုးသမီးများ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုမှ ကာကွယ်ရေးနှင့် ရောဂါပိုးရှိသူအား ပြုစုစောင့်ရှောက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကူညီ ဆောင်ရွက်နေသည်။ တစ်ချိန်တည်းတွင် အဆိုပါကူးစက်ရောဂါ တိုက်ဖျက်ရေးစီမံချက်အနေဖြင့် အသိပေးဆွေးနွေးခြင်း၊ HIV / AIDS ရောဂါဆိုင်ရာ ပညာပေးခြင်း၊ ကူးစက်ရောဂါထိရောက်စွာ ကုသပေးခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့်ပင် မြန်မာနိုင်ငံ၏ HIV/AIDS ရောဂါဖြစ်ပွားမှုနှုန်းမှာ ၂၀၀၀ ပြည့်နှစ်က ၀ ဒသမ ၉၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၀ ဒသမ ၆၇ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း ကုလသမဂ္ဂ ခုခံအားကျဆင်းမှုအဖွဲ့က ကြေညာခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာလူမှုရေး အသင်းအဖွဲ့များနှင့် လက်တွဲပူးပေါင်း၍ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် တက်တက်ကြွကြွ ပါဝင်လျက်ရှိသည်။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါသည် လူသားတို့၏ ကျန်းမာရေးကိုသာမက လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကိုပါ ထိခိုက်စေသည်ဖြစ်ရာ HIV / AIDS ကူးစက်ရောဂါဆိုး ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပြည်သူအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ရင်း ရောဂါကူးစက်ခံနေရသူများအား စာနာထောက်ထား နွေးထွေးစွာ ကူညီစောင့်ရှောက်သွားကြရမည် ဖြစ်ပါသည်။ ။

## တောင်ကုတ်မဂ္ဂဇင်းထုတ်ဝေရေး၊ စာပေပြိုင်ပွဲပြုလုပ်ရေး စာကြည့်တိုက်ကော်မတီဖြစ်မြောက်ရေး အစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

တောင်ကုတ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ တောင်ကုတ်မြို့နယ် မဂ္ဂဇင်းထုတ်ဝေရေး၊ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲပြုလုပ်ရေး၊ မြို့နယ် စာကြည့်တိုက်နှင့် စာကြည့်တိုက် ကော်မတီဖြစ်မြောက်ရေး အစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးစိုးသန်းနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **(အောက်ပုံ)**

(မြို့နယ်ပြန်/ဆက်)






# ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## လေဘေးသင့်ပြည်သူများအတွက် ငွေလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၄**

လေဘေးသင့် ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက နေ့စဉ်လှူဒါန်းလျက်ရှိရာ ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန (ရုံးချုပ်)ရှိ မေခလာခန်းမသို့ အလှူရှင် ဦးအောင်ဇော်မြင့် (ရွှေဝါလင်းကုမ္ပဏီ)-ဒေါက်တာမြတ်မြတ်အုန်းခင်**(ယာပုံ)**၊ သား၊ သမီးများဖြစ်သော နန်းကလျာဇော်၊ ပြည့်ဖြိုးဇော်၊ ဝေဝေဖြိုးလှိုင်၊ ဂျူဂျူးဇော်၊ အေးချမ်းသဇင်မြိုင်ဂေဟာ ဗဟန်းမြို့နယ် ရန်ကုန်မြို့မှ ဖျာပုံ မြို့နယ်ရှိ လေဘေးသင့် ပြည်သူများအတွက် အမြဲတမ်းလူနေအိမ်ရာ အလုံး ၂၀ အတွက် ငွေကျပ်သိန်း ၁၂၀ ကို ပေးအပ်လှူဒါန်းရာ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ လေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တာဝန်ရှိသူများက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် နတ်စင်ကုန်းစံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း(မြောက်)၏ (၁၉၆၈-၂၀၀၇)ခုနှစ်အတွင်း သက်ပြည့်အငြိမ်းစားယူခဲ့သော ဆရာ၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူများက ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ၂၃ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ကျင်းပရာ ကန်တော့ခံ ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများ စုံညီစွာ တက်ရောက်ကြသည်။

(မြို့နယ်ပြန်/ဆက်)

**ဒေါပုံမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံပညာ ထူးချွန်ဆုပေးပွဲကို နိုဝင်ဘာ ၃၀ရက်က ကျင်းပရာ စတုတ္ထတန်းမှ မောင်အောင်မျိုးနိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီ ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(ပညာရေး)



## စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ထွက်ပြီ

**ရန်ကုန် ဒီဇင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော သုတပဒေသာစာစောင် အတွဲ(၃၅)၊ အမှတ်(၁၂)၊ စာစောင်ကို ဘာသာပြန် စာပေများကို စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် အသွင်သစ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာ စာစောင်တွင် မောင်ဆုရှင်၊ ချိုးဖြူခင်၊ ခင်စောတင့်၊ မောင်သိဒ္ဓိ၊ ကျော်ရှင်း၊ ကျော်စိန်ညွန့်၊ တင်ဝင်း(အိမ်မဲ)၊ မြတ်မင်း၊ ကေအက်စ်၊ တက္ကသိုလ်မိုးမြင့်၊ မှူးခင် (ရွှေပြည်သာ)၊ ဒေါက်တာမြင့်မြင့်သိန်း၊ ဒေါက်တာမြင့်သန်း (သန္တေသား)၊ ဒေါက်တာလွှမ်းမိုးဟန်၊ ကိုမောင်၊ မြသိန်း၊ မင်းကြော့ရှိန်၊ စိန်ဝင်းနွယ်၊ စံထွန်းဖြူ၊ စိုးသီဟနောင်၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ မောင်ကြည်သစ်၊ မြသစ္စာ၊ ဆုအဲကို၊ လှတိုး(စိတ်ပညာ)၊တောင်တွင်းမင်းစိုး၊ မေဇွန်စသည့် စာရေးဆရာများ၏ ဆောင်းပါး၊ ဝတ္ထုများနှင့် ဖိုးရန်နိုင် (ကျောက်ကြီး)၏ ဘာသာပြန် ကဗျာများပါဝင်သည်။

ရင်သွေးငယ်များ ပြုစုပျိုးထောင်ရာတွင် ဖတ်ရှုလေ့လာထားသင့်သော ကလေးများနှင့် ငွေကြေးသုံးစွဲမှု၊ မူကြိုအရွယ်ကလေးများ ကစားခြင်း၊ ကျန်းမာရေးဆိုင်ရာ ကိုယ်အလေးချိန်လျှော့ရအောင်၊ ရွက်ပုန်းသီးရောဂါ၊ စိတ်ဖိစီးခြင်း၊ စာပေဗဟုသုတဖြစ်ဖွယ်၊ စာအုပ်ကိုစာဖွဲ့ခြင်း၊ စီးပွားရေးဆိုင်ရာ ငွေသောင်ယံဘုရင်၊ စိုက်ပျိုးရေးအတွက် သစ်ခွနှင့် ရဲယိုစိုက်ပျိုးရေး၊ ပတ်ဝန်းကျင်သုတတွင် ကြက်သွန်ခွံဖြင့် သိုးမွေးဆေးဆိုးနည်း၊ ရာဇဝတ်မှုဆန်သော ရောင်းဝယ်ရေး၊ မိသားစု၏ ဆေးဖက်ဝင်ဥယျာဉ်၊ တစ်ခေတ်ဆန်းလာသော မြို့ပြသစ်တောများ၊ ယဉ်ကျေးမှုဆိုင်ရာ ဂျပန်နိုင်ငံ၏ ရှေးဟောင်းမြို့တော်နှင့် အလှဆင်ပစ္စည်းဆန်း၊ လူမှုရေးသုတတွင် ၃-၁၂-၂၀၀၈ တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဂုဏ်ပြုလျက် မသန်သော်လည်း စွမ်းရမည်၊ အိပ်မက်ထဲက ရွှေမင်းသားနှင့် ရင်ဆိုင်အန်တုရင်း၊ လက်ရာတူဝတ္ထုများအပြင်ပုံပြင်သုတ၊ ထူးဆန်းထွေလာ၊နိုင်ငံတကာမြင်ကွင်း၊ ဟာသ၊ သတင်းသုတ၊ ကမ္ဘာ့မူးယစ်ဆေးဝါးသတင်း အစရှိသည့်ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ်၊ သုတရသအကြောင်းအရာမျိုးစုံ ပါရှိသည်။

အဆိုပါ သုတပဒေသာစာစောင်ကို အမှတ် ၅၂၉- ၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အထက(၂) မအူပင် မြတ်ဆရာပူဇော်ပွဲ တတိယအကြိမ်မြောက် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

မအူပင်မြို့ အထက (၂)(ယခင် ABM) ကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၁ရက် နံနက် ၁၀နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက် (၆၀) ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီးများနှင့် ပညာရည်နို့ သောက်စို့ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားသည်။ အလှူငွေထည့်ဝင်လိုသူများအနေဖြင့် အထက(၂) ကျောင်းအုပ်ကြီး ဖုန်း-၀၄၅-၃၀၄၇၁၊ ဦးကျင်ဝင်း ဖုန်း-၀၄၅-၃၀၆၂၄၊ ဦးနိုင်ဇော်လင်း ဖုန်း-၀၄၅-၃၀၃၉၄၊ ဒေါ်ခင်ခင်သိန်း ဖုန်း-၀၄၅-၃၀၇၅၂၊ ဦးကျော်အောင် ဖုန်း-၀၉-၈၅-၈၅၈၅၈၊ ဦးလှမြင့်စိုး ဖုန်း-၀၄၅-၃၁၀၇၂၊ ဦးဇော်မင်း ဖုန်း-၀၉-၅၁-၈၁၆၅၂ (ရန်ကုန်)၊ ဦးသန်းစိုး ဖုန်း-၀၁-၆၅၀၆၁၉ (ရန်ကုန်)၊ ဦးစိုးသိန်း ဖုန်း-၀၉-၅၀-၀၄၃၇၂၊ ၀၁-၇၀၇၃၉၁ (ရန်ကုန်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**✳ ရှေ့ဖုံးမှ**

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(လုံကာ)ရှိ စာသင်ခန်းများနှင့် ကျောင်းဆောင်သစ် ထပ်မံတိုးချဲ့ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးကာ စာသင်ကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် နောင်ချိုမြို့နယ် ရွှေမုဋ္ဌောကျေးရွာရှိ သိန်းရတနာဆီစက်၌ ဆီမုန်လာ ဆီကြိတ်ခွဲထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျောက်မဲမြို့နယ် နောင်အန်းကျေးရွာ၌ တောင်သူ ဦးစိုင်းထွန်းဦး၏ ဆင်းရွှေလီစပါး စိုက်ခင်းတွင် ကျင်းပသည့် မိုးစပါး စံကွက် ရိတ်သိမ်းမှုများနှင့် စိုက်ခင်း အနီး၌ စပါးခြွေလှေ့စက်ဖြင့် စပါး ခြွေလှေ့နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကောက်ရိတ်သမများအား စားသောက်ဖွယ်ရာများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

(သတင်းစဉ်)



**ကြည့်ရှုစစ်ဆေး**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် နောင်ချိုမြို့နယ် ရွှေမုဋ္ဌောကျေးရွာရှိ တောင်သူဦးတင်ရန်၏ ဆီထွက်သီးနှံ (ဆီမုန်လာ) စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

**❁ အရှည်လျားဆုံးမှ**

အနောက်ဘက် မိုင် ၃၀ အကွာ ဘူးခွဲကြီးရွာအနီးတွင် တည်ရှိသည်။ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် ဖွင့်လှစ်ခဲ့သည့် ငွေဆောင်ကမ်းခြေမှာ ယခုဆိုလျှင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ အကြိုက်တွေ့ကြသည့် ကမ်းခြေတစ်ခု ဖြစ်လာပြီဖြစ်သည်။ ယင်းကဲ့သို့ ဖွင့်လှစ်ခဲ့ခြင်းကြောင့် နိုင်ငံခြားသား ခရီးသွားများ ဝင်ရောက်မှု ပိုမိုများပြားလာသလို ယင်းနှင့်ဆက်စပ်နေသည့် ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်း အခြေအနေများကလည်း ပိုမိုတိုးတက်လာခဲ့သည်။ ထို့ပြင် ငွေဆောင်ကမ်းခြေအနီးတစ်ဝိုက်မှ ကျေးရွာနေပြည်သူတို့၏လူနေမှုဘဝ၊ စီးပွားရေးလုပ်ငန်းများကလည်း ပိုမိုတိုးတက်ပြောင်းလဲလာခဲ့သည်။ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသပါမကျန် ဖွံ့ဖြိုးတိုးတက်ရမည်ဟူသော ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်နေမှုများကြောင့် ငွေဆောင်ကမ်းခြေ ဖွံ့ဖြိုးလာမှုနှင့်အတူ အနီးတစ်ဝိုက်ဒေသများမှာလည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ကာ ပညာရေး၊ စီးပွားရေးများပါ တိုးတက် ပြောင်းလဲလာခဲ့ပေသည်။ ဒေသခံတို့၏ အဓိကစီးပွားရေးလုပ်ငန်းများမှာ ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချခြင်းတို့ဖြစ်ပြီး ကမ်းခြေ ဖွံ့ဖြိုးလာမှုကြောင့် ဒေသခံတို့၏ အလုပ်အကိုင် အခွင့်အလမ်းများမှာလည်း ပိုမိုလမ်းပွင့်လာခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ငွေဆောင်ကမ်းခြေသို့ လာရောက်ကြသည့် ပြည်တွင်းပြည်ပ ခရီးသွားများကို ယင်းကမ်းခြေရှိ ဟိုတယ်များကလည်း ဝန်ဆောင်မှုကောင်းကောင်းဖြင့် ကြိုဆိုကြသည်။ ငွေဆောင်ကမ်းခြေတွင် ဟိုတယ် ၂၁လုံးရှိပြီး ကမ်းခြေအရှည်ကိုးမိုင်တွင် ငါးမိုင်ဝန်းကျင်က ဟိုတယ်များ တည်ရှိနေသည်။ ကမ်းခြေမှာ သဘာဝအတိုင်း ပုံဖော်ထားသည့်အတွက် ကမ္ဘာလှည့် ခရီးသည်များ ပိုမိုအကြိုက်တွေ့ကြသလို ပြည်တွင်း ခရီးသွားများကလည်း လာရောက်လျက်ရှိသည်။ ထို့ပြင် ကမ်းခြေ ပိုရှည်ခြင်း၊ အေးချမ်းငြိမ်သက်ခြင်း၊ ရေပိုကြည်ပြီး သဲဖြူခြင်းများကြောင့်လည်း အခြားကမ်းခြေများထက် ပိုမို ဆွဲဆောင်နိုင်ပေသည်။ ငွေဆောင်ကမ်းခြေက ထူးခြားချက်များနှင့် ဆွဲဆောင်မှုရှိသလို Aureum Palace Resort ၏ အပြင်အဆင်ကလည်း တစ်မျိုးဆန်းသည်။ အနောက်တိုင်းဟန် အနည်းငယ်ရောစပ်ပြီး မြန်မာ့ရိုးရာပုံစံများဖြင့် ပုံဖော်ထားသည်။ ဘန်ဂလိုလေးများကို သက်ကယ်ဖြင့် မိုးထားပြီး သစ်သားများဖြင့် ဖွဲ့စည်းထားသည်။ အခန်းတွင်းပြင်ဆင်ထားမှုကလည်း ခေတ်သစ် အပြင်အဆင်တွေပဲဟု ပြော၍မရ။ သစ်သားပရိဘောဂများကို အများဆုံးအသုံးပြု၍ နေချင်စဖွယ်ဖြစ်အောင် ဖန်တီးထားသည်။ အခန်းတိုင်းတွင် လေအေးပေးစက်၊ တီဗွီ၊ ရေခဲသေတ္တာ စသည်တို့ဖြင့် ဝန်ဆောင်မှုအပြည့်ပေးထားသလို ဟိုတယ်တွင်လည်း Spa နှင့် Bar တို့လည်းရှိသည်။ ဘန်ဂလိုလေးများကို သီးသန့်စတိုင်ဖြင့် အတွဲလိုက်သော်လည်းကောင်း၊ သီးခြားသော်လည်းကောင်း တည်ဆောက်ထားပြီး အခန်းပေါင်း ၉၇ ခန်းရှိသည်။

Aureum Palace Resort အတွင်းသို့ ဝင်ရောက်လိုက်သည်နှင့် ရောဝတီရဲ့ သင်္ကေတဟုပြော၍ရသည့် ပုသိမ်ထီးနှင့် ယဉ်ကျေးပျူငှာစွာ ကြိုဆိုနေသော အမျိုးသမီးငယ်ရုပ်တုလေးကို တွေ့ရမည်ဖြစ်သည်။ ခမ်းနားကြီးကျယ်သောသစ်လုံးကြီးများဖြင့် တည်ဆောက်ထားသော ဧည့်ကြိုခန်းမက အမြင်ဆန်းသလို ဟိုတယ်တည်ဆောက်ထားမှုကလည်း ကမ်းခြေနှင့်လိုက်ဖက်ညီလှသည်။ ပင်လယ်ပြင်နှင့်လည်း မဝေးလှသလို အုန်းပင်ကြီးများအကြား တည်ရှိနေသော Aureum Palace Resort မှာ အမှန်တကယ် စိတ်ကြည်နူးမှုကို ဖြစ်ပေါ်စေသည်။ ကမ်းခြေ၌ ကိုယ်တိုင် ရေဆင်းကူးနိုင်သလို ဟိုတယ်အတွင်းမှ ရေကူးပြီး ကမ်းခြေ အလှကိုခံစားနိုင်ရန် ရေကူးကန်တစ်ခုကို ဖန်တီးပေးထားသည်။ ရေကူးကန်ဘေးတွင်လည်း ထိုင်ခုံငယ်များနှင့် အမိုးငယ်များကို ဖန်တီးပေးထားကာ ပင်လယ်ပြင်ကြီး၏တစ်နေရာ



**ငွေဆောင်ကမ်းခြေတွင် တည်ရှိသော Myanmar Treasure Resort ၏ အပြင်အဆင် အလှအပများကလည်း ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်လျက်ရှိသည်။**

ဆီမှ တရွေ့ရွေ့ကွယ်ဝင်ပျောက်ကွယ်သွားသည့် နေဝင်အလှနှင့် ငွေဆောင်ကမ်းခြေအလှတို့ကိုလည်း စုတ်ချက်လှလှနှင့် ဆွဲထားသော ပန်းချီကား တစ်ချပ်သဖွယ် ခံစားနိုင်ပေသည်။

ငွေဆောင်ကမ်းခြေမှာ ပတ်ဝန်းကျင်ရှိ အလှအပနေရာများ၊ စိတ်ဝင်စားစရာ နေရာများကြောင့်လည်း လူသိပိုများသည်။ ငွေဆောင်ကမ်းခြေကို ဥရောပနိုင်ငံများဖြစ်သည့် ရုရှား၊ အီတလီ၊ ဂျာမနီ၊ ဆွစ်ဇာလန်နိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည်များ အလာများပြီး အာရှနိုင်ငံများကလည်း လာရောက်လည်ပတ်ကြသည်ဟု သိရသည်။ ကမ္ဘာလှည့်ခရီးသည်များမှာ ငွေဆောင်ကမ်းခြေ၏ အလှအပများဖြင့် မြန်မာလူမျိုးတို့၏ ယဉ်ကျေးပျူငှာစွာ ဆက်ဆံမှု၊ ဟိုတယ်များ၏ ဝန်ဆောင်မှု ကောင်းခြင်းကြောင့် ကြိမ်ဖန်များစွာ လာရောက်လျက်ရှိသည်။ ကမ္ဘာ့အနှံ့အပြားတွင် နာမည်ကြီး ပင်လယ်ကမ်းခြေများစွာရှိသော်လည်း မြန်မာနိုင်ငံရှိ ပင်လယ်ကမ်းခြေများမှာ အေးချမ်းခြင်း၊ ထူးဆန်းမှုများနှင့် လှေလာစရာ နေရာများစွာ ရှိသောကြောင့် နှစ်စဉ် ကမ္ဘာလှည့် ခရီးသည်များ လာရောက်နေခြင်းဖြစ်သည်။

ငွေဆောင်ကမ်းခြေသို့ နိုဝင်ဘာလမှ စ၍ ဧည့်သည်များ စတင်လာရောက်ကြပြီး ဒီဇင်ဘာလနှင့် ဧပြီလမှာ ခရီးသည်များ လာရောက်မှု အများဆုံးဖြစ်သည်ဟု Myanmar Treasure Resortမှသိရှိရသည်။ Myanmar Treasure Resort မှာ ကြယ်လေးပွင့်အဆင့်ရှိ ဟိုတယ်ဖြစ်ပြီး ဝန်ဆောင်မှုအပြည့်ပေးထားသည်။ Deluxe အခန်း(၄၀)၊ Superior အခန်း(၂၄)ခန်း ပါဝင်ပြီး အမှတ်တရ ပစ္စည်းအရောင်းဆိုင်၊ စားသောက်ခန်းမတို့ရှိကာ အင်တာနက်၊ အီးမေးလ်တို့လည်း သုံးစွဲနိုင်သည်။ Myanmar Treasure Resort ၏ အပြင်အဆင်များမှာလည်း လာရောက်သူတိုင်းကို အမြင်ဆန်းစေသည်က အမှန်ပင်။ မြန်မာ့လက်မှုကြိမ်ထည်များကို အများဆုံး အသုံးပြုထားပြီး လက်ရာပြောင်မြောက်စွာဖြင့် ဟိုတယ်ကို ပြင်ဆင်ထားသည်။ ဘန်ဂလိုလေးများအပြင် နှစ်ထပ်ဆောင်လည်းရှိပြီး ဘန်ဂလိုများကို ရိုးရာဟန်ပန်စွက်ကာ ပုံဖော်ထားသည်။ ကမ္ဘာလှည့်ခရီးသည်များကို အမြင်တစ်မျိုးနှင့် ခံစားမှုတစ်ဖုံ ပေးစွမ်းနိုင်သည့်နေရာပင်ဖြစ်သည်။ လာရောက်သူတို့ နေပူဆာလှုံနိုင်အောင် ဖန်တီးပေးထားသလို ရေကူးကန်လည်းရှိသည်။ Myanmmar Treasure Resort မှနေ၍ ငွေဆောင်အလှကို ကောင်းကောင်းကြီး ခံစားနိုင်သည်။

ငွေဆောင်ကမ်းခြေမှာ မြန်မာနိုင်ငံရှိ ကမ်းခြေများအနက် အရှည်ဆုံးကမ်းခြေဖြစ်သလို ထူးခြားချက်များ၊ လှေလာလည်ပတ်စရာများသော ကမ်းခြေတစ်ခု ဖြစ်သည်။ ငွေဆောင်ကမ်းခြေ ဖြစ်ပေါ်လာမှုကြောင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုပိုများလာလျှင် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာရုံသာမက ဒေသခံများ၏ လူမှုရေး၊ စီးပွားရေးများလည်း ပိုမိုတိုးတက်လာနိုင်ပါကြောင်း။ ။



**ငွေဆောင်ကမ်းခြေဖွင့်လှစ်ပြီးနောက် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ပြည်သူတို့၏ လူနေမှုဘဝ၊ စီးပွားရေးလုပ်ငန်းများလည်း တိုးတက်လာခဲ့ပြီး ရေလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်နေကြသည်ကို ဤသို့တွေ့ရစဉ်။**

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

## အီရတ်မြောက်ပိုင်းတွင် ဗုံးနှစ်လုံးကွဲ ၁၁ ဦး သေဆုံးပြီး ကလေးများဒဏ်ရာရ

**မိုဆူး ဒီဇင်ဘာ ၄**

အီရတ်နိုင်ငံ နင်နီဗာပြည်နယ်တွင် ဒီဇင်ဘာ ၂ ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုနှင့် အခြားဗုံးခွဲတိုက်ခိုက်မှုတစ်ခုတို့ဖြစ်ပွားရာ ၁၁ဦးသေဆုံးပြီး ၄၅ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်းက ဖော်ပြသည်။

မိုဆူးမြို့၏ အနောက်ဘက်ကီလိုမီတာ ၇၀ခန့်အကွာရှိ တယ်လ်အာဖာမြို့ရှိ ရဲနှင့်အီရတ်စစ်ဘက်က စောင့်ကြပ်သော စစ်ဆေးရေးဂိတ်တွင် မွန်းလွဲပိုင်းက အသေခံကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားသည်ဟုအမည်မဖော်လိုသူတစ်ဦးက ပြောကြားသည်။ ထိုတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် ငါးဦး သေဆုံးပြီး လူ ၃၀ ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရရှိသွားသူများတွင် လုံခြုံရေးတပ်ဖွဲ့ဝင် လေးဦးလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါနေ့က မိုဆူးမြို့မြောက်ဘက် ဘလာဒီရတ်အရပ်တွင် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာသည့် လှည်းတစ်စီးဖြင့် ကျောင်းနှင့်ဈေးဆိုင်တန်းတစ်ခုအနီး ဖောက်ခွဲတိုက်ခိုက်သည့်အတွက် ဈေးရောင်းသူခြောက်ဦးသေဆုံးပြီး ၁၅ဦး ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရရှိသွားသူများတွင် ကျောင်းသားအချို့လည်း ပါဝင်သည်ဟုဆိုသည်။

နင်နီဗာပြည်နယ်သည် အယ်လ်ခိုင်ဒါစစ်သွေးကြွများ အားကောင်းရာဒေသတစ်ခုဖြစ်ကြောင်း သတင်းကဖော်ပြသည်။ ***အင်တာနက်။***



**အာဖဂန်နစ္စတန် တောင်ပိုင်းတွင် နေတိုးတပ်ဖွဲ့များအား လမ်းဘေးဗုံးခွဲတိုက်ခိုက်ရာ အဆိုပါ ဗုံးကွဲသော နေရာအား အာဖဂန်လုံခြုံရေးအရာရှိတစ်ဦးက စစ်ဆေးနေစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



## အာဖဂန်တွင် အမေရိကန်တပ်ဖွဲ့များ တိုက်ခိုက်၊ စစ်သွေးကြွသုံးဦး သေဆုံး

**ကဘူး ဒီဇင်ဘာ ၄**

အမေရိကန် တပ်ဖွဲ့များသည် အာဖဂန်နစ္စတန်နိုင်ငံ အလယ်ပိုင်းဒေသ၌ စစ်ဆင်ရေးပြုလုပ်ရာ တာလီဘန်စစ်သွေးကြွ သုံးဦးကို သုတ်သင်ပြီး တစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၃ ရက်တွင် စစ်ဘက်က ထုတ်ပြန်ကြေညာသည်။

ဂါဇနီပြည်နယ်ရှိ တာလီဘန် စစ်သွေးကြွများ၏လှုပ်ရှားမှုများကို စီစဉ်ညွှန်ကြားပေးနေသော တာလီဘန်ခေါင်းဆောင်တစ်ဦးအား ရည်ရွယ်၍ စစ်ဆင်ခြင်းဖြစ်ကြောင်းကြေညာချက်၌ ဖော်ပြထားသည်။

အမေရိကန်တပ်ဖွဲ့များ သွားလာနေစဉ် စစ်သွေးကြွများက စတင်ပစ်ခတ်၍ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားရာ တာလီဘန်သုံးဦး သေဆုံးသွားခြင်းဖြစ်သည်။ ယခုနှစ် ဆောင်းရာသီတွင် အမေရိကန်တပ်ဖွဲ့များသည် ဆက်လက်စစ်ဆင်သွားရန် စီစဉ်ထားကြောင်း သိရသည်။

***အင်တာနက်။***

## အီရတ်စစ်ပွဲတွင်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၂၀၇ ဦးရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၄**

အီရတ်နိုင်ငံတွင်းသို့ အမေရိကန်တပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်ခဲ့ သည့် ၂၀၀၃ခုနှစ် မတ်လမှ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့ထိအီရတ်၌ သေဆုံးသွားသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်းမှာ ၄၂၀၇ဦး ရှိနေပြီဟု အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ထို့အပြင်အမေရိကန်နှင့် အပေါင်း ပါတပ်ဖွဲ့မှ သေဆုံးသွားသူများမှာ ဗြိတိသျှစစ်ဘက်မှ ၁၇၆ ဦး၊ အီတလီ ၃၃ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၂၁ ဦး၊ ဘူလ်ဂေးရီးယား ၁၃ ဦး၊ စပိန် ၁၁ ဦး၊ ဒိန်းမတ်ခုနစ်ဦး၊ အယ်လ်ဆာဗေဒိုး ငါးဦး၊ ဆလိုဗက်ကီးယား လေးဦး၊ လတ်ဗီးယားနှင့်ဂျော်ဂျီယာမှ သုံးဦးစီ၊ အက်စ်တိုးနီးယား၊ နယ်သာလန်၊ ထိုင်းနှင့် ရိုမေးနီးယားမှ နှစ်ဦးစီ၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယားမှ တစ်ဦး စီတို့ဖြစ်သည်။ ***အင်တာနက်။***

**အီရတ်နိုင်ငံ မြောက်ပိုင်း မိုဆူးမြို့တွင်ဒီဇင်ဘာ၃ရက်ကဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီး ခုနစ်ဦး သေဆုံးခဲ့ရသော နေရာကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဖြစ်ပွားသော တိုက်ခိုက်မှုအတွင်း မီးလောင်ကျွမ်းနေသော မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ပီကေကေသူပုန်များအား တူရကီစစ်လေယာဉ်များ ဗုံးကြဲတိုက်ခိုက်

**အန်ကာရာ ဒီဇင်ဘာ ၄**

အီရတ်နိုင်ငံမြောက်ပိုင်းရှိ တရားမဝင် ကြေညာထားခြင်းခံရသည့် ကာဒစ်ရှ်အလုပ်သမားပါတီ(ပီကေကေ)အဖွဲ့၏ အချို့ပစ်မှတ်များကို တူရကီစစ်လေယာဉ်များက ဒီဇင်ဘာ ၁ ရက်တွင် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း တူရကီစစ်ဘက်အရာရှိက အင်္ဂါနေ့တွင် ပြောကြားသည်။

ယင်းသို့ စီးနင်းတိုက်ခိုက်မှုတွင် အရပ်သားများ သေကျေဒဏ်ရာရရှိမှုမရှိကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



# နိုင်ငံတကာသတင်းမှတ်စု

## အီရန်ဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းတွင် မလေးရှား ခြောက်ဘီလီယံခန့်မြှုပ်နှံမည်

အီရန်နိုင်ငံ၏ ဓာတ်ငွေ့ထုတ်လုပ်သောလုပ်ငန်းတွင် မလေးရှားနိုင်ငံက အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၁ရက်က နှစ်နိုင်ငံသဘောတူ စာချုပ်ချုပ်ဆိုခဲ့ကြောင်း အီရန်ရုပ်မြင်သံကြားက အင်္ဂါနေ့တွင် ဖော်ပြသည်။

အီရန်နိုင်ငံတောင်ပိုင်းဟောမူဇဂန်ပြည်နယ်ရှိ ဂိုလ်ရှန်ဓာတ်ငွေ့မြေမှ ဓာတ်ငွေ့ကုဗပေ ၅၆ ထရီလီယံခန့်နှင့်ဘူရှိုင်းပြည်နယ် ဖာဒိုယမ်ဓာတ်ငွေ့မြေမှ အရန်ထားရှိသော ဓာတ်ငွေ့ကုဗပေ ၁၀ ထရီလီယံတို့ အပါအဝင် အကြမ်းဖျင်းခန့်မှန်းထားကြောင်း သိရသည်။

## ဘရာဇီးစက်မှုလုပ်ငန်းဆိုင်ရာ ထုတ်လုပ်မှုကျဆင်း

နိုင်ငံတကာ ဘဏ္ဍာရေးအကျပ်အတည်းများ ဖြစ်ပွားနေမှုကြောင့် ဘရာဇီးနိုင်ငံ၏ စက်မှုလုပ်ငန်းဆိုင်ရာ ထုတ်လုပ်မှုမှာ စက်တင်ဘာလတွင် ၁ ဒသမ၇ရာခိုင်နှုန်းတိုးမြင့်လာပြီးနောက် အောက်တိုဘာလတွင် ၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အင်္ဂါနေ့တွင် လစဉ်လေ့လာချက်များအရ ဖော်ပြသည်။

၂၀၀၈ ခုနှစ် ပထမ ၁၀ လအတွင်း ဘရာဇီးနိုင်ငံ၏ စက်မှုလုပ်ငန်းဆိုင်ရာ ထုတ်လုပ်မှုသည် ၅ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၂၀၀၇ခုနှစ်အလားတူကာလ၌ တိုးတက်မှု ၆ ဒသမ ၄ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် ကျဆင်းခဲ့ကြောင်း ဘရာဇီးနိုင်ငံ စာရင်းအင်းဌာနက ဖော်ပြသည်။

## ရုရှားစစ်ဘက်ဆိုင်ရာ ဂြိုဟ်တုလွှတ်တင်

ရုရှားနိုင်ငံမြောက်ပိုင်း ပလက်ဆက်ခ် အာကာသစခန်းတစ်ခုမှ စစ်ဘက်ဆိုင်ရာ ဂြိုဟ်တုတစ်လုံးကို ဒီဇင်ဘာ ၂ ရက်က လွှတ်တင်ခဲ့ကြောင်း၊ ၎င်းဂြိုဟ်တုကို မိုလ်နီယာ-အမ်ဒုံးပျံဖြင့် သယ်ဆောင်ကာ ကမ္ဘာပတ်လမ်းကြောင်းအတွင်း သို့ ပစ်လွှတ်ခဲ့ကြောင်း အာကာသတပ်ဖွဲ့မှ ပြောကြားခြင်းကို အီတာတာ့စ် သတင်းဌာနက ရေးသားဖော်ပြသည်။

## တူရကီ၌ ကုန်တင်သင်္ဘောတိုက်မိ

တူရကီနိုင်ငံမြောက်ပိုင်း ဘော့ဇ်ကာဒါဒေသတွင် တနင်္လာနေ့က ကုန်တင်သင်္ဘော နှစ်စင်းတိုက်မိကြောင်း ဗုဒ္ဓဟူးနေ့တွင် အနာတိုလီယာ သတင်းဌာနက ရေးသားဖော်ပြသည်။

အဆိုပါ သင်္ဘောနှစ်စင်းမှာ ဘော့ဇ်ကာဒါဒေသတွင်ရုရှားမှအီတလီသို့ နေကြာစေ့ များ တင်ဆောင်လာသော ယူကရိန်းသင်္ဘော ဒါနာပရစ်-၂နှင့် ပနားမား သင်္ဘော အီမရိတ်-၁ တို့ဖြစ်ပြီး ၎င်းသင်္ဘောများ နစ်မြုပ်ခြင်း မရှိကြောင်း သိရသည်။

## အီတလီ၌ အကြမ်းဖက်သမားနှစ်ဦး ဖမ်းမိ

အီတလီနိုင်ငံ မီလန်မြို့ ဆင်ခြေဖုံးဒေသတွင် အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်နေသည့် အယ်လ်ခိုင်ဒါစစ်သွေးကြွမော်ရိုကန်အဖွဲ့ဝင်ဟုသံသယရှိသူ နှစ်ဦးအား ဒီဇင်ဘာ ၂ ရက်တွင် အကြမ်းဖက်တိုက်ဖျက်ရေး ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း အီတလီသတင်းဌာန အင်ဆာက ဖော်ပြသည်။

အသက် ၃၁ နှစ်ရှိ ရစ်ချက်အီမာမီနှင့် ၄၂ နှစ်ရှိ ဂါဖာအက်ဒယ်ကာဒါတို့သည် ကုန်ပဒေသာဆိုင်တစ်ခု၊ ညကပွဲရုံတစ်ခုနှင့် ရဲစခန်းနှစ်ခုအား တိုက်ခိုက်ရန် စီစဉ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

## ဇင်ဘာဘွေ၌ ကာလဝမ်းရောဂါကြောင့် ၄၈၄ ဦး သေဆုံး

ဇင်ဘာဘွေနိုင်ငံတွင် လူပေါင်း ၁၁၇၃၅ ဦး ကာလဝမ်းရောဂါဖြစ်ပွားနေပြီးယင်းရောဂါကြောင့် သေဆုံးသူ ၄၈၄ ဦး ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က အင်္ဂါနေ့တွင် ပြောကြားသည်။

ဒဗလျူအိတ်ချ်အိုသည် ဇင်ဘာဘွေနိုင်ငံတွင် မိတ်ဖက်အဖွဲ့အစည်း ၁၀ ခုခန့်နှင့် ပူးပေါင်းလုပ်ကိုင်နေပြီး ကာလဝမ်းရောဂါဖြစ်ပွားမှု ထိန်းချုပ်နိုင်ရန် တာဝန်ရှိသူများသို့ အရေးပေါ်အစီအစဉ်များ တင်ပြခဲ့ပြီး ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

# နေတိုးတပ်ဖွဲ့မှ ကုန်တင်ကားများ ပါကစ္စတန်တွင် တိုက်ခိုက်ခံရ

ပက်ရှ်ဝါ(ပါကစ္စတန်) ဒီဇင်ဘာ ၄

**ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ စစ်သွေးကြွများက အာဖဂန်နစ္စတန်တွင် တပ်စွဲထားသော နေတိုးနှင့် အမေရိကန်တပ်ဖွဲ့ဝင်များရှိရာသို့ ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်နေသော ကုန်တင်ကားများကို တိုက်ခိုက်ကြကြောင်း၊ ယင်းဖြစ်စဉ်ကြောင့် လူနှစ်ဦးသေဆုံးပြီး ကုန်တင်ကား ၁၂စီး ပျက်စီးသွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ရဲတပ်ဖွဲ့က ပြောကြားသည်။**

တစ်ချိန်တည်းမှာပင် ဆွစ်ချ်တောင်ကြားရှိ စစ်ဘက်ဆိုင်ရာ စစ်ဆေးရေးဂိတ်အနီးတွင် အသေခံ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ရှစ်ဦး သေဆုံးရပြီး လူ ၄၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု တာဝန်ရှိသူက ပြောကြားသည်။

အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့၏ ကုန်တင်ကားများကို ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါဒေသတွင် တိုက်ခိုက်ခံရခြင်း ဖြစ်သည်။ မကြာသေးမီ သီတင်းပတ်များမှစ၍ ထိုဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်လာသည်။ ယင်းဒေသ၌ လုပ်ကိုင်နေသော ကယ်ဆယ်ရေးလုပ်သားများ လိုက်ပါလာသည့်အမေရိကန်ထောက်ပံ့ရေး ယာဉ်တန်းကိုဒုံးများ၊ သေနတ်များဖြင့် ပစ်ခတ်ခဲ့ရာ ကုန်တင်ယာဉ်မောင်းနှင့် စာရေးနှစ်ဦးတို့ သေဆုံးခဲ့ရသည်။ အာဖဂန်နစ္စတန်တွင်တပ်စွဲထားသော အနောက်နိုင်ငံ တပ်ဖွဲ့များအတွက် လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများ၏ ၇၅ ရာခိုင်နှုန်းကို ပါကစ္စတန်နိုင်ငံမှဖြတ်၍သယ်ဆောင်ရသည်။ ထိုသို့ ပို့ဆောင်ရခြင်းမှာ အာဖဂန်နိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်နေသောကြောင့် ဖြစ်သည်။

ယခုလအစောပိုင်းတွင် ခိုင်ဘာတောင်ကြားမှဖြတ်၍ စားနပ်ရိက္ခာတင်ဆောင်လာသောဟမ်းဗီးစစ်ယာဉ်များကို တာလီဘန် လက်နက်ကိုင်များက ကြားဖြတ်တိုက်ခိုက်၍ ယူဆောင်သွားကြသည်။

ယခုအတောအတွင်း ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးမြို့ ဖြစ်သော ကရာချိ၌လည်း တိုက်ခိုက်မှုများ ဖြစ်ပွားရာ သုံးရက်အတွင်း ၃၂ ဦး အသက်ဆုံးရှုံးသွားကြောင်း သတင်းက ဖော်ပြသည်။

**အင်တာနက်။**

# ဂါဇာ၌ ဒုံးကျည်ကျရောက်ပေါက်ကွဲ၊ စစ်သွေးကြွသုံးဦး ဒဏ်ရာရ

**ဂါဇာ ဒီဇင်ဘာ ၄**

တနင်္ဂနွေနေ့ နံနက်အစောပိုင်းက အလယ်ပိုင်း ဂါဇာကမ်းမြောင်ဒေသ အနီးနယ်စပ်တွင် အစ္စရေးတို့ပစ်ခတ်လိုက်သော ဒုံးကျည်ကျရောက် ပေါက်ကွဲရာ ပါလက်စတိုင်း စစ်သွေးကြွသုံးဦး ဒဏ်ရာရရှိသွားခဲ့ရသည်ဟု သတင်းများတွင် ဖော်ပြသည်။

ဂါဇာကမ်းမြောင်ဒေသအတွင်းပိုင်း မီတာ ၁၅၀အကွာရှိ အယ်မာဂါဇီဒုက္ခသည်စခန်းအတွင်းသို့ အစ္စရေးတို့က ထိုးဖောက် ဝင်ရောက်ခဲ့သည့်အပြင် အမြောက်များဖြင့်လည်း ပစ်ခတ်ကြသည်။ဒဏ်ရာရရှိသွားသောလက်နက်ကိုင်သေနတ်သမားများမှာ ဟားမတ်အဖွဲ့ကို သစ္စာခံသော ပေါ်ပျူလာခုခံရေးကော်မတီ (ပီအာရ်စီ) အဖွဲ့မှ ဖြစ်သည်။ ၎င်းတို့နယ်မြေအတွင်း ကျူးကျော်လာသော အစ္စရေးတင့်ကားများ၏တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားခြင်းဖြစ်သည်ဟု ဆိုသည်။

နိုဝင်ဘာလ ၄ ရက်နေ့ကတည်းက အစ္စရေး တပ်ဖွဲ့ဝင်များနှင့် ပါလက်စတိုင်းစစ်သွေးကြွများသည် ဂါဇာနှင့် အစ္စရေးနယ်စပ်တွင် မကြာခဏ ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲများကြောင့် ဂါဇာဒေသ၌ ဇွန်လအတွင်းက အီဂျစ်ကကြားဝင်၍စေ့စပ်ပေးထားသော အပစ်အခတ် ရပ်စဲရေးသဘောတူညီမှုမှာ ပျက်ပြားမည့် အခြေအနေရှိသည်။ အဆိုပါ အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်အရပါလက်စတိုင်းတို့ကဂါဇာမှ အစ္စရေးနယ်မြေအတွင်း ဒုံးလက်နက်ဖြင့် တိုက်ခိုက်နေခြင်းကို ရပ်ဆိုင်းရမည်ဖြစ်ပြီး အစ္စရေးတို့ကလည်းဂါဇာဒေသအတွင်းဝင်၍စစ်ဆင်ရေးများပြုလုပ်နေခြင်းကို ရပ်နားထားရမည့်အပြင် ထိုဒေသအား ပိတ်ဆို့ထားမှုကိုလည်း လျှော့ပေါ့ပေးရမည်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ။**



ဂွါတီမာလာနိုင်ငံ အနောက်မြောက်ပိုင်းတွင် မူးယစ်မှောင်ခိုဂိုဏ်းအချင်းချင်း တနင်္ဂနွေနေ့က ပစ်ခတ်မှုဖြစ်ပွားခဲ့သော နေရာအား ရဲများက စစ်ဆေးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# မက္ကဆီကိုတွင် မူးယစ်ဂိုဏ်းချင်းတိုက်ပွဲဖြစ်၊ ၁၂ ဦးသေဆုံး

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၄**

ဂွါတီမာလာနိုင်ငံအနောက်မြောက်ပိုင်းတွင် မူးယစ်ဆေးဝါး တရားမဝင်မှောင်ခိုရောင်းဝယ်သော ဂိုဏ်းနှစ်ဂိုဏ်းကြားရင်ဆိုင် တိုက်ခိုက်မှုကြောင့် ၁၂ဦး သေဆုံးသွားသည်ဟု ဂွါတီမာလာရဲတပ်ဖွဲ့က ပြောကြားသည်။

. မက္ကဆီကိုနိုင်ငံနယ်စပ်မှ ကီလိုမီတာ အနည်းငယ် ကွာဝေးသော ဂွါတီမာလာနိုင်ငံ အနောက်မြောက်ပိုင်းရှိအက်ဂရာဇာခါ မြို့ငယ်ကလေးတွင် နိုဝင်ဘာ ၃၀ ရက်က ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားခြင်းဖြစ်သည်။ တိုက်ပွဲသည် မွန်းတည့်ချိန်တွင် ဖြစ်ပွားပြီး ညဉ့်နက်ပိုင်းတွင်မှ ပြီးဆုံးသွားရာ၁၂ဦးသေဆုံးပြီး အမျိုးသမီးနှစ်ဦးဒဏ်ရာရရှိသွားသည်ဟု ရဲဘက်မှ အစီရင်ခံသည်။ သက်ဆိုင်ရာက ၎င်းတို့ထံမှ ကားကိုးစီး၊ လက်ပစ်ဗုံးများနှင့် ပေါက်ကွဲမှုအားကောင်းသော စနက်တံများကို သိမ်းဆည်းရမိသည်။

သေဆုံးသွားသူများမှာ မက္ကဆီကိုနှင့် ဂွါတီမာလာမူးယစ်ဂိုဏ်းများမှ ဖြစ်ကြောင်း၊ ၎င်းဂိုဏ်းနှစ်ဂိုဏ်းသည် မြင်းစီးပြိုင်ပွဲ၌ အချေအတင် စကားများရာမှ ပစ်ခတ်မှုများ စတင်ဖြစ်ပွားခြင်းဖြစ်ကြောင်း ရုပ်မြင်သံကြားသတင်းဌာနမှ ထုတ်လွှင့်သည်။

**အင်တာနက်။**

ကြေးမုံ The Mirror

နိုင်ငံတကာသတင်းများ



## အပျက်အစီးများ

**အနောက်ဘက်ကမ်းခြေဒေသ ဟီဘရွန်တွင် ပါလက်စတိုင်းများနှင့် ဂျူးများ အချင်းများကြပြီးနောက် ၄၈ ဦး ဒဏ်ရာရရှိသွားသော နေရာရှိ အပျက်အစီးများကို ဒီဇင်ဘာ ၂ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ရုရှားနှင့်ဗင်နီဇွဲလားရေတပ် စစ်ရေးပူးပေါင်းလေ့ကျင့်မှုပြီးဆုံး

ကရာကတ်စ် ဒီဇင်ဘာ ၄

**စစ်အေးတိုက်ပွဲ ကာလအတွင်းက ကာရစ်ဘီယံပင်လယ်အတွင်း တပ်ဖြန့်ချထားသော ရုရှားစစ်သင်္ဘောများသည် ဗင်နီဇွဲလား ရေတပ်နှင့် ပူးပေါင်း၍ လေ့ကျင့်ခြင်းအစီအစဉ်မှာ ပြီးဆုံးပြီဖြစ်သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။ ယင်းသည် မော်စကို၏ ပထမဆုံးအကြိမ်လေ့ကျင့်ခြင်းဖြစ်သည်ဟု ဆိုသည်။**

ဗင်နီဇွဲလား တိုက်လေယာဉ်များသည် ဝေဟင်တွင် ပျံသန်းနေရင်းဖြင့် ရုရှားစစ်သင်္ဘောများပေါ်သို့ ရုတ်တရက်ထိုးဆင်းလာသည့် လေကြောင်းသရုပ်ပြပျံသန်းမှု စစ်ဆင်ရေးပြကွက်ကို ရုရှားရုပ်မြင်သံကြားဌာနက ဒီဇင်ဘာ ၂ ရက်တွင် ထုတ်လွှင့်ပြသသည်။

ပူးပေါင်းလေ့ကျင့်ရေး အစီအစဉ်ပြီးဆုံးသည့် အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်နှောင်းပိုင်းတွင် လေကြောင်းကာကွယ်ရေး သရုပ်ပြပျံသန်းမှု အစီအစဉ်အပါအဝင် မီးရှူးမီးပန်းများပစ်လွှတ်ကာ ကျင်းပခဲ့သည်ဟု ရုရှားရေတပ်မှ ပြောရေးဆိုခွင့်ရှိသူ ကပ္ပတိန်အစ်ဂါဒီဂါလိုက ပြောကြားသည်။ ရုရှားစစ်သင်္ဘောများသည် ဗင်နီဇွဲလားနိုင်ငံနှင့် ပူးပေါင်းလေ့ကျင့်ရေး ပြုလုပ်ရန်အတွက် ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ဗင်နီဇွဲလားနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ အဆိုပါ ပူးပေါင်းလေ့ကျင့်ခြင်းအစီအစဉ်သည် အမေရိကန်နိုင်ငံအပါအဝင် မည်သည့်နိုင်ငံကိုမျှ ရန်စလိုသည့်သဘောမရှိကြောင်း သမ္မတ ဟူဂိုချာဗက်ဇ်က ပြောကြားသည်။

**အင်တာနက်။**

# အိုမန်ပင်လယ်တွင် အီရန်ရေတပ်စစ်ရေးလေ့ကျင့်

**တီဟီရန် ဒီဇင်ဘာ ၄**

အိုမန်ပင်လယ်ပြင်တွင် ဒီဇင်ဘာ ၂ ရက်က အီရန်ရေတပ်ဖွဲ့များ စစ်ရေးလေ့ကျင့်မှု စတင်ပြုလုပ်ကြောင်း အီရန်နိုင်ငံ ရေတပ်ဖွဲ့ တပ်မှူးဗိုလ်ချုပ်ကြီး ဟာဘီဘော လက်ဆေယာရီက ပြောကြားသည်။

အီရန်နိုင်ငံ အရှေ့တောင်ပိုင်း စစ်တန်-ဘာလူချက်စတန်ပြည်နယ် ချာဘာဟာမြို့ပြင်၌ 'ယူနီတီ-၈၇' အမည်ရှိ စစ်ရေးလေ့ကျင့်မှုကို ခြောက်ရက်ကြာ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် ဖျက်သင်္ဘောများ၊ ရေငုပ်သင်္ဘော အလတ်နှင့်အကြီးများ၊ ရဟတ်ယာဉ်များ၊ လေယာဉ်များ၊ မောင်းသူမဲ့ကင်းထောက်လေယာဉ်များနှင့် မော်တော်ဘုတ်ငယ်များပါဝင်လေ့ကျင့်ကြမည်ဖြစ်ကြောင်း ဆေယာရီကပြောကြားသည်။

**အမ်အင်အေ၊ ဆင်ဟွာ။**

# ဗီယက်နမ်၌ အိပ်ချ်အိုင်ဗွီ ပိုးရှိသူ ၁၃၅၀၀၀ ကျော်ရှိ

**ဟနွိုင်း ဒီဇင်ဘာ ၄**

ဗီယက်နမ်နိုင်ငံ တစ်ဝန်းတွင် ခုခံအားကျဆင်းမှု ဖြစ်ပွားစေသော အိပ်ချ်အိုင်ဗွီပိုး တွေ့ရှိသူပေါင်း ၁၃၅၁၇၁ ဦး ရှိနေပြီဖြစ်ကြောင်း ဒေသခံသတင်းစာ နယူးဟနွိုင်းက ဒီဇင်ဘာ ၁ ရက်တွင် ဖော်ပြသည်။

ခုခံအားကျဆင်းမှုရောဂါ၏လက္ခဏာ အပြည့်အဝတွေ့ရပြီးလောလောဆယ် ဝေဒနာခံစားနေရသူ ၂၉၁၃၄ ဦးရှိ၍ ယင်းရောဂါကြောင့် ၄၁၄၁၈ ဦး သေဆုံးခဲ့ရပြီးဖြစ်သည်။ နိုင်ငံအတွင်းတွင် လူငယ်အများစုသည် ယင်းရောဂါကိုခံစားရမှုအများဆုံးဖြစ်နေသည်။ အသက်၂၀ မှ၃၉ နှစ်အတွင်း အဖြစ်များပြီး ယခင်အခါက ၁၅ ရာခိုင်နှုန်းသာဖြစ်ပွားရာမှ ယခုအခါ၈၉ရာခိုင်နှုန်းအချိုးအစားအထိ မြင့်တက်ခဲ့သည်ဟု ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ပြောကြားသည်။

နိုင်ငံတွင်းရှိမြို့များနှင့် ပြည်နယ်များအနက် ဟိုချီမင်းမြို့တော်သည် အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု အများဆုံးဖြစ်သည်။ ဒုတိယအများဆုံးမှာ ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းရှိကွမ်နင်းနှင့် ဟိုင်ဖုန်းဒေသတို့ ဖြစ်သည်။

ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ခုခံအားကျရောဂါ တိုက်ဖျက်ရေးနေ့အကြိုအဖြစ် ပြုလုပ်သောအစည်းအဝေးကို ဟနွိုင်းမြို့၌ နိုဝင်ဘာလကုန်တွင် ကျင်းပခဲ့သည်။ မိမိနိုင်ငံအနေဖြင့် အိဒ်စ်ရောဂါကို တိုက်ဖျက်ရာ၌ နှစ်ဆတိုး၍ ကြိုးပမ်းကြရန် တိုက်တွန်းကြောင်း ထို့အပြင် ထိုရောဂါ ခံစားနေရသူများအပေါ်ထားရှိသော လူမှုရေးအမြင်သဘောထားကိုလည်း ပြင်ဆင်ရန် လိုအပ်ကြောင်း ဒုတိယဝန်ကြီးချုပ် ထရောင်ဗင်ထယောင်က ပြောကြားသည်။

**အင်တာနက်။**



**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ငါးပြတိုက်တွင် စန်တာကလော့ ဖိုးနှင်းဖြူသဏ္ဌာန် ဝတ်ဆင်ထားသူက ငါးများကို အစာကျွေးနေသည်ကို ဒီဇင်ဘာ ၃ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ချစ်စရာ ပန်းခင်းလေးထဲမှာ. . .

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)

၂၀၀၈ခုနှစ် ဩဂုတ်လမှစတင်၍ ချစ်စဖွယ်ကလေးငယ်များရှိရာ စာသင်ကျောင်းများဆီ ခြေဦးလှည့်ခဲ့ရပြန်ပါသည်။ ကလေးငယ်များနှင့် ဆုံတွေ့ရသည့်အခါ ရောင်စုံပန်းဥယျာဉ်ကြီးထဲမှ ဖူးပွင့်ဝေဆာနေသည့် ဖြူနီပြာဝါ ပန်းမာလာလေးများအလား ထင်မြင်နေမိပေသည်။ ပန်းတို့၏သဘာဝကိုက နူးညံ့သည်၊ လှပသည့်အဆင်းဖြင့်လောကကို အလှဆင်ပေးသလို သင်းပျံ့သည့်ရနံ့ဖြင့်လည်း လောကကို မွှေးထုံစေပေသည်။ ဤသို့ပင် ချစ်စရာ ပန်းကလေးများနှင့် အလားသဏ္ဌာန်တူသည့် ကလေးငယ်များသည်လည်း ဖြူစင်ရှင်းသန့် အပြစ်ကင်းစင်သည့် မျက်နှာလေးများဖြင့် ဥယျာဉ်မှူး မြတ်ဆရာတို့၏ ပန်းပျိုးလက် အရိပ်အောက်ဝယ် တက်ကြွလန်းဆန်းနေကြသည်ကို တွေ့ရှိခဲ့ရပေသည်။

ကျွန်မတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏စီစဉ်မှု၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်အဖွဲ့)တို့၏ ပူးပေါင်းကူညီမှုဖြင့် ရန်ကုန်တိုင်းအတွင်းရှိ မူလတန်း၊ မူလတန်းလွန်၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများသို့ ကွင်းဆင်း၍ ကျောင်းကျန်းမာရေးလှုပ်ရှားမှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။

ယနေ့လူငယ်တို့သည် ‘အနာဂတ်၏ မျိုးဆက်သစ်အင်အား’ များဖြစ်ကြသည်။ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွန်းလာနိုင်ရန် ငယ်စဉ်ကလေးဘဝကပင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းလိုစိတ်နှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် အလေ့အကျင့်ကောင်းများကို ပြုစုပျိုးထောင်ပေးရန် လိုပေသည်။ သို့ဖြစ်ရာ စာသင်ကျောင်းများသည် နိုင်ငံတော်အတွက် အလွန်အရေးပါသည့် မျိုးဆက်သစ် လူ့စွမ်းအား အရင်းအမြစ်တို့ မွေးထုတ်ပေးရာ ရေခံမြေခံကောင်းများပင်ဖြစ်သည်။

‘ကျန်းမာခြင်း’ဟူသည် အနာကင်းရုံ၊ ရောဂါရှင်းရုံသာမက ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခနှင့် ပြည့်စုံခြင်းဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က အဓိပ္ပာယ်ဖွင့်ဆိုထားပေသည်။ ၁၉၉၆ ခုနှစ်မှ စတင်ကာ WHO အဖွဲ့ကြီးမှ Global School Health Initiatives အစီအစဉ်ဖြင့် ကျောင်းကျန်းမာရေး လုပ်ငန်းများကို လုပ်ဆောင် အကောင်အထည်ဖော်ခဲ့ရာ ထိရောက်အောင်မြင်မှုများ ရရှိခဲ့သည်။ နိုင်ငံတိုင်းအတွက် ရင်းနှီးမြှုပ်နှံမှုနည်းနည်းဖြင့် အကျိုးအမြတ်များများ ရနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်၍ စနစ်တကျ တိုးမြှင့်ဆောင်ရွက်ကြရန်လည်း တိုက်တွန်းထားပေသည်။

အလားတူ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ ကျောင်းကျန်းမာရေး စီမံချက်များချမှတ်၍ စဉ်ဆက်မပြတ်အလေးထား ဆောင်ရွက်လျက်ရှိပေသည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဦးတည်ချက် ပြည့်ဝစေရေးအတွက် ကျောင်းကျန်းမာရေးကဏ္ဍသည် အလွန်အရေးပါလှပေသည်။ ကျောင်းကျန်းမာရေးမှစ၍ ကလေးများ၏ ကိုယ်ကျန်းမာမှု၊ စိတ်ကျန်းမာမှု လူမှုရေးကျန်းမာမှု အဘက်ဘက်က ပြည့်စုံလာစေရေးအတွက် ငယ်ရွယ်စဉ်ကလေးဘဝမှ စတင်ကာ ကျန်းမာရေးနှင့် ပတ်သက်သော အသိဉာဏ် သဘောထား အမူအကျင့်များကို သိပ္ပံနည်းကျ မှန်မှန်ကန်ကန်သိရှိလိုက်နာနိုင်ရန် ပြုပြင်ပြောင်းလဲပေးကြရပေမည်။

**“ကလေးတို့၏ အနာဂတ်ဘဝ သာယာလှပဖို့” “အမျိုးသား ကျန်းမာရေးအစ စာသင်ကျောင်းက” “မိဘဆရာပူးပေါင်း ကလေးပညာကောင်း”** ဟူသည့်အတိုင်း သုံးပွင့်ဆိုင် တြိဂံသဖွယ်ဖြစ်နေသည့် မိဘနှင့် ဆရာအပြင် ကျန်းမာရေး ဝန်ထမ်းများအားလုံးတွင်လည်း တာဝန်ကိုယ်စီရှိနေကြပေသည်။

မိဘတို့၏ ဂရုတစိုက် ကျွေးမွေးစောင့်ရှောက်မှု၊ ကလေးတို့နှင့် အနီးကပ်ထိတွေ့မှု အရှိဆုံးဖြစ်သော တိုင်းပြည်၏ မျှော်မှန်းချက်ပန်းတိုင် ရောက်နိုင်ရန် ဖန်တီးပေးနိုင်စွမ်းသော ဆရာ၊ ဆရာမများ၏ ကြိုးပမ်းမှု၊ ကျန်းမာရေး ဝန်ထမ်းများ၏ စောင့်ရှောက်ကူညီမှုတို့ အချိုးညီညီ ပေါင်းစပ်ပေးကြရပေမည်။

ဤသို့ဖြင့် ကျွန်မတို့သည် ၁၄-၈-၂၀၀၈ ရက်နေ့မှ စတင်၍ အမက(၈)သဃ်န်းကျွန်း၊ အမက(၁၀)လှိုင်၊ အလက(၁၁) တာမွေ၊ အမက(၃)ဗဟန်း၊ အလက(၃) မရမ်းကုန်း၊ အမက(၃)မင်္ဂလာတောင်ညွန့်၊ အမက(၄၈) ရွှေပေါက်ကံစသည့် စာသင်ကျောင်းများအပြင် ၂၇-၉-၂၀၀၈ရက်နေ့တွင် ကွမ်းခြံကုန်းမြို့နယ် တော်ကူးကျေးရွာ၊ ခလောက်တရာကျေးရွာ၊ တော်ခရမ်းကျေးရွာ၊ တွံတေးမြို့နယ်ဘုရားကြီးကျေးရွာများတွင်လည်း ကျေးလက်ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများပါ တွဲဖက်လုပ်ဆောင်ခဲ့ကြပါသည်။

ကျွန်မတို့အဖွဲ့တွင် ကလေးအထူးကုဆရာဝန်ကြီးများ၊ အထွေထွေအထူးကုသမားတော်ကြီးများ၊ မျက်စိဆရာဝန်များ၊ သွားဆရာဝန်များနှင့် အထွေထွေဆရာဝန်များ ပါဝင်ခဲ့ကြပါသည်။ စာသင်ကျောင်းများသို့ ကျွန်မတို့ ရောက်ရှိသည်နှင့် သက်ဆိုင်ရာ ကျောင်းကျန်းမာရေး ဆရာဝန်က ကြိုတင်ရွေးချယ်ထားသည့် ကလေးငယ်များကို ရောဂါအမျိုးအစားအလိုက် အထူးကုဆရာဝန်ကြီးများက စတင်ကြည့်ရှုကုသပေးကြပြီး တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊



ကျောင်းကျန်းမာရေး ခရီးစဉ်များမှနေ၍ မျက်စိမှုန်သည့် ကလေးငယ်များကိုပါ ဖော်ထုတ်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်အဖွဲ့)မှ တာဝန်ရှိသူများက စာသင်ခန်းများဝယ် တစ်ခန်းဝင်၊ တစ်ခန်းထွက်ဖြင့် ကျန်းမာရေးအသိပညာပေးခြင်းများကို ကလေးများနှင့်ပြန်လှန် မေးခွန်းများ အမေးအဖြေများ လုပ်ရင်း ပညာပေးဟောပြောကြပါသည်။

အမက(၃)မူလွန် ဗဟန်းတွင် မျက်စိကျန်းမာရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးအကြောင်း သိကောင်းစရာများကို ကျွန်မကဟောပြောခဲ့ပြီး ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ ဒေါက်တာစုစုမြတ်က ယဉ်ကျေးလိမ္မာ မျိုးမြန်မာ ခေါင်းစဉ်ဖြင့် အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိသည့် လိမ္မာယဉ်ကျေးသော ကလေးငယ်များဖြစ်ပေါ်လာစေရန် အသိပညာပေး ဟောပြောခဲ့ကြပါသည်။ ထို့အတူ ဥယျာဉ်မှူးနှင့် သဏ္ဌာန်တူသည့် ဆရာ၊ ဆရာမတို့သည်လည်း ကျန်းမာကြည်လင်မှန်ကန်သည့် အတွေးအမြင်များ၊ မှန်ကန်သည့် ပြုစုစောင့်ရှောက်မှုများ ပေးနိုင်ကြမှသာ ဖူးငုံပန်းလေးများအနေဖြင့် ကျန်းမာပျော်ရွှင်စွာ ပွင့်လန်းလာနိုင်ပေမည်။ ထို့ကြောင့်ပင် ရန်ကင်း TTC မှ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများကို မျက်စိကျန်းမာရေးနှင့် ရှေးဦးသူနာပြုစုခြင်း၊ မျက်စိထိခိုက်ဒဏ်ရာမှ ကာကွယ်ခြင်းများကို ပညာပေးဟောပြောခဲ့သလို မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီငြိမ်းကလည်း **“သဘာဝအန္တရာယ် ဒို့ကာကွယ်”** ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောခဲ့ရာ ကျွန်မတို့အပါအဝင် မိဘဆရာအားလုံး ဗဟုသုတဖြစ်ခဲ့ကြရပေသည်။ ယနေ့ခေတ် ကလေးငယ်များအနေဖြင့် မိဘနှင့် နေထိုင်ရသည့် အချိန်ထက် စာသင်ကျောင်းမှ ဆရာ၊ ဆရာမများနှင့် နေရသည့်အချိန်က ပိုများနေသလို ဖြစ်နေသည်။ ကလေးငယ်များသည် ၎င်းတို့၏ ဆရာ၊ ဆရာမများကို စံနမူနာထားကြသည်၊ အထင်ကြီး လေးစားတတ်ကြသည်။ အတုခိုးတတ်ကြသည်ဖြစ်ရာ ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုသည်သာ အထိရောက်ဆုံးဖြစ်သည်။



ကျန်းမာရေး အသိပညာပေးခြင်းများကို ကလေးများနှင့် ပြန်လှန်မေးခွန်းများ အမေးအဖြေများလုပ်ရင်း ပညာပေးဟောပြောကြစဉ်။

ကျွန်မတို့ငယ်စဉ်ကလေးဘဝမှာ အလွန်ပျော်ရွှင်စရာကောင်းလှသည်။ တစ်နေ့တာ စာသင်ချိန်၏ နောက်ဆုံးအချိန်ဖြစ်သော ကာယအချိန်၊ အိမ်တွင်းမှု သိပ္ပံအချိန်များ၌ ကာယလုပ်သူကလုပ်၊ အချုပ်အလုပ် ဇာထိုးပန်းထိုးလုပ်သူကလုပ်၊ ကျန်လူများက ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ပေါင်းမြက်များ သန့်ရှင်းခြင်း၊ ရေမြောင်းများတူးဖော်ခြင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်း၊ ဝါစိမ်းနီပြာအသင်းလိုက် အလှည့်ကျ သန့်ရှင်းရေးလုပ်ခဲ့ကြခြင်းတို့ကို တရေးရေးမြင်ယောင်လာမိသည်။ ဤအလေ့အကျင့်ကောင်းများမှပင် ကလေးတို့၏ ကိုယ်လက်လှုပ်ရှားမှုအလိုလိုရစေပြီး အများနှင့်ပူးပေါင်း ဆောင်ရွက်လိုစိတ်၊ မခိုမကပ် အများအကျိုးသယ်ပိုးလိုစိတ်၊ မိဘကို ကူညီလုပ်ကိုင်ပေးလိုစိတ်များကို မွေးမြူပြီး ဖြစ်နေပေတော့သည်။

စာသင်ကျောင်းများကို သွားရောက်ရမည်ဆိုသောအခါ ရန်ကုန်မြို့တွင်း၌ မျက်စိဆေးရုံကြီးများ၊ ပုဂ္ဂလိက ဆေးခန်းများဖြင့် ပြည့်စုံနေသည်ဖြစ်ရာ ကျွန်မတို့ သွားရောက်ခြင်းမှာ သာမန်သဘောမျှသာဟု ထင်မြင်ခဲ့မိသေးသည်။ လက်တွေ့တွင်မူကား ကျောင်းသား ၉၀၀ ခန့်ရှိသည့် စာသင်ကျောင်းတစ်ခုတွင် ကလေးငယ် ၉၀ ခန့်မှာ မျက်စိရောဂါပြသလိုသူများ ဖြစ်နေကြပေသည်။ ၎င်းကလေးငယ်များထဲမှ မျက်မှန်ပါဝါ လိုအပ်သူများ၊ မျက်စိစွေစောင်းကလေးငယ်များ၊ မျက်စိအပြင်တိမ်စွဲနေသောကလေးများ၊ ဗီတာမင်အေချို့တဲ့သော ကလေးများ၊ မွေးရာပါ အတွင်းတိမ်၊ ရေတိမ်နှင့် အခြားဝမ်းတွင်းပါရောဂါတို့ကို တွေ့ရှိခဲ့ရပြီး အချိန်မီ ဖော်ထုတ်ကုသမှုများ ပေးနိုင်ခဲ့ပေသည်။

ကမ္ဘာပေါ်တွင် ကလေးသူငယ်များအနေဖြင့် တစ်မိနစ်ကို တစ်ယောက်နှုန်း မျက်စိကွယ်နေကြသည်။ အာရှတိုက်တွင် နေထိုင်သည့် အသက်(၁၆)နှစ်အောက်ကလေး ၁၀၀၀ တွင် တစ်ယောက်နှုန်း မျက်မမြင်ဖြစ်နေသည်ဟု ခန့်မှန်းထားပေသည်။ ထို့အပြင် လူတစ်သန်းတွင် ငါးသောင်းခန့်မှာ အဝေးမှုန်၍ မျက်မှန်တပ်ရန် လိုအပ်သူလူငယ်များ ဖြစ်နေကြပြန်သည်။ မျက်မှန်ပါဝါ လိုအပ်၍ မျက်စိမှုန်နေသူကို မှန်ကန်တိကျသည့် မျက်မှန်ကို တပ်ဆင်လိုက်မည်ဆိုလျှင် အမြင်အာရုံ ချို့တဲ့စေသော အကြောင်းရင်းတစ်ရပ်ကို ကာကွယ်ပြီး ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့်ပင် ကျောင်းကျန်းမာရေး ခရီးစဉ်များမှနေ၍ မျက်စိမှုန်သည့် ကလေးငယ်များကိုပါ ဖော်ထုတ်ပေးနိုင်ခဲ့ပေသည်။

မျက်မမြင်ပြဿနာအတွက် ကလေးများကို အထူးအလေးပေးတင်ပြနေရခြင်းမှာ ကလေးငယ်များ မျက်စိကွယ်ခဲ့သော် ၎င်းတို့၏ လူ့ဘဝ ဆက်လက်နေထိုင်ရမည့် သက်တမ်းမှာ ရှည်ကြာဦးမည်ဖြစ်ရာ မိသားစုပတ်ဝန်းကျင်ကိုသာမက နိုင်ငံတော်အတွက်ပါ ဝန်ထုပ်ဝန်ပိုးဖြစ်နေပေလိမ့်မည်။ ဥပမာ လူကြီးတစ်ယောက် အသက်(၇၀) အရွယ်တွင် မျက်စိကွယ်ခဲ့လျှင် အမှောင်ဘဝဝယ်(၁၀)နှစ်သာ နေရမည်ဖြစ်သော်လည်း ထိုသူသာ အသက်(၁၀)နှစ် အရွယ်မှစ၍ မျက်စိကွယ်ခဲ့လျှင် နှစ်ပေါင်းအတော်ကြာကြာ မျက်မမြင်ဘဝဖြင့် နေထိုင်သွားရပေလိမ့်မည်။

ကျွန်မကတော့ စာသင်ကျောင်းများသို့ ရောက်သည့်အခါ မျက်စိကျန်းမာရေးအကြောင်း ပြောဟောရင်းတစ်ဖက်မှလည်း သူတို့လေးတွေ၏ နုနယ်ဖြူစင်သည့် ဦးနှောက် ကလေးများအတွင်း အသိဉာဏ်တချို့ကို ထည့်သွင်းပေးမိပြန်သည်။ အမှောင်နှင့်အလင်း၏ ဆန့်ကျင်ဘက်သဘောတရား၊ အလင်းရောင်ဟူသည် လူတိုင်းနှစ်သက် သဘောကျသလို သဘာဝတရားမှ ပေးအပ်ထားသော လူတိုင်းရယူလိုသည့် ‘ဆု’ပင် သားတို့သမီးတို့ မျက်လုံးလှလှလေးတွေက ကြည်ကြည်လင်လင် မြင်တော့မြင်ပါရဲ့ အများနဲ့ဆန့်ကျင် အမှားတွေသာ မြင်နေရင် ကလေးတို့ဘဝမှာ လောကအတွက် ကောင်းကျိုးပြုနိုင်မည်မဟုတ် အမှန်ကိုမြင်နိုင်သည့် မျက်လုံးလေးတွေ ပိုင်ဆိုင်ကြမှဖြစ်မည်ဟူ၍ သူတို့လေးတွေ နားလည်နိုင်မည့် စကားလုံးများ ရွေးချယ်၍ ပြောဟောနေမိပေသည်။

ကျွန်မတို့အနေဖြင့်မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်သို့ ကွင်းဆင်း၍ မျက်စိအခမဲ့ခွဲစိတ်ကုသမှု လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်မှု၊ အလှူရှင်တို့၏ စေတနာထက်သန်လှူဒါန်းမှုတို့ဖြင့် စက္ခုအလင်း အလှူပွဲများအဖြစ် ခြိမ့်ခြိမ့်သဲမျှ ဆင်နွှဲပေးနိုင်ခဲ့ပြီးပါပြီ။ ဖြူစင်သည့် မေတ္တာ စေတနာ ရယူလိုမှုမပါသည့် ပေးဆပ်ခြင်းသက်သက်ဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ စိုက်ထုတ်ခဲ့မှုတို့ကြောင့်လည်း စိတ်ရောကိုယ်ပါ နွမ်းနယ်နေခဲ့ရပေပြီ။ ထိုအချိန် စာသင်ခန်းများဆီ၊ တဒင်္ဂ ခြေဦးလှည့်မိစဉ် အပြစ်ကင်းစင်လှသည့် ကလေးငယ်များနှင့် ဆုံတွေ့လိုက်ရသည့်အခါ ကျွန်မ၏ စိတ်အစဉ်တို့သည် ပြန်လည်လန်းဆန်း တက်ကြွလာခဲ့ရပြန်သည်။ ပြည်သူလူထု အခြေပြုမျက်စိကျန်းမာရေး စောင့်ရှောက်မှု၏ ရလဒ်များနှင့် ပတ်သက်၍ **‘အရေးအတွက်နှင့် အရည်အချင်းတို့၏ သဘောကို ငြင်းခုန်ဆွေးနွေးနေကြချိန်တွင် ကျွန်မမှာတော့ ချစ်စရာ ပန်းခင်းလေးများထဲဝယ် ပျော်ရွှင်စွာ လျှောက်လှမ်းရင်းဖြင့် စိတ်နှလုံးတို့ငြိမ်းချမ်းလို့ နေခဲ့ပေပြီ’**

**‘ရယူပိုင်ဆိုင်ထားတာတွေက ထားခဲ့ဖို့ ပေးလှူလိုက်ရတာတွေက ယူသွားဖို့’** ဟုသာ နှလုံးသွင်းရင်း မိမိအသက်ရှင်ရပ်တည်နေသ၍ မိမိတတ်ကျွမ်းသည့် ပညာဖြင့် မိမိချစ်သော အမိမြေကို အလုပ်အကျွေးပြုသွားမည်သာဖြစ်သည်။ မည်သို့ပင်ဆိုစေ ရောင်စုံပန်းခင်းလေးထဲတွင် ရှိနေကြသည့် ပွင့်သောပန်းတိုင်းလှပါစေ၊ လှသောပန်းတိုင်း မွှေးပါစေ၊ မွှေးသောပန်းတိုင်းလန်းပါစေ၊ လန်းသောပန်းတိုင်း လောကကမ္ဘာမြေကို အလှဆင်နိုင်ကြပါစေဟူ၍ ဆုတောင်းနေမိပါတော့သည်။ ။





နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင် နေပြည်တော် ပျဉ်းမနားမြို့နယ် သစ်လေးလုံး ကျေးရွာအုပ်စု တောင်သူဦးဘိုဖြူ၏မိုးစပါးစံကွက်တွင် စပါးရိတ်စက်များဖြင့် စပါးများ ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် သစ်လေးလုံးကျေးရွာရှိ မိုးစပါးစံကွက် ရိတ်သိမ်းခြွေလှေ့နေမှု ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၄

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာအုပ်စု တောင်သူဦးဘိုဖြူ၏ ကွင်းအမှတ် ၁၇၀၇၊ ဦးပိုင်အမှတ် (၁၃၆) ရှိ ၂၁၇ ဧကအကျယ်ရှိသော မိုးစပါးစံကွက်၌ အမှတ် (၂) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော (ကျောပိုး) စပါးရိတ်စက်များဖြင့် စပါးများ ရိတ်သိမ်းနေမှု၊ စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သော (AMR - 994) လက်တွန်းစပါးရိတ်စက်များဖြင့် ရိတ်သိမ်းနေမှု၊ ဂွတ်ဘရားသားကုမ္ပဏီမှ စပါးရိတ်သိမ်းခြွေလှေ့စက်များနှင့် စပါးများ ရိတ်သိမ်းခြွေလှေ့နေမှုများကို ကြည့်ရှုအားပေးသည်။**

ယခု ရိတ်သိမ်းလျက်ရှိသော ဆင်းသွယ်လတ်စပါးမျိုးသည် ဒေသထွက် မျိုးကောင်းမျိုးသန့် စပါးမျိုးဖြစ်ကြောင်း၊ တစ်ဧကတွင် ကောက်ကွက် ၁၃၅၀၀၀ ရှိပြီး တစ်နှံတွင် ပင်ပွား ခုနစ်ပင်ခန့်ရှိကြောင်း၊ စပါးတစ်နှံလျှင် အောင်စေ့ ၁၀၃ စေ့ထိရှိသဖြင့် စိုက်စနစ်တိုင်းထွာချက်အရ တစ်ဧကတွင် ၁၂၇ ဒသမ၂၄ တင်းထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။ ယနေ့ရိတ်သိမ်းသော ဆင်းသွယ်လတ်အမျိုးအစား မိုးစပါးစံကွက်တွင် စပါးအစိုတင်း တစ်ဧက ၁၂၉ ဒသမ ၁၃ တင်း ထွက်ရှိသည်။ နေပြည်တော် ပျဉ်းမနားခရိုင်အတွင်း၌ ၂၀၀၈ ခုနှစ်အတွင်း စုစုပေါင်း မိုးစပါးစိုက်ဧက ၁၇၃၆၂၀ ဧက စိုက်ပျိုးခဲ့ပြီး ယခုရိတ်သိမ်းပြီး ၇၁၉၃၇ ဧကရှိသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ ၉၇ ဒသမ ၆၅ တင်းထွက်ပြီး ရိတ်ရန် ကျန်ဧက ၁၀၁၆၈၄ ဧကကို စက်မှုလယ်ယာဦးစီးဌာနမှ စပါးရိတ်သိမ်း ခြွေလှေ့စက်များ၊ ကိုယ်ပိုင်စပါးရိတ်စက်များဖြင့် စဉ်ဆက်မပြတ် ရိတ်သိမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပညာရေးဝန်ကြီးဌာန ၂၀၀၈-၂၀၀၉ ပညာသင်နှစ် သင်တန်းများ စတင်ဖွင့်

ရန်ကုန် ဒီဇင်ဘာ ၄

ပညာရေး ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီး၏ အထူးပြုဘာသာရပ် အသီးသီးအတွက် ပထမနှစ်သင်တန်းများကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စတင် ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ၏ ၂၀၀၈-၂၀၀၉ ခု ပညာသင်နှစ် ပထမနှစ်သင်တန်းဝင်ခွင့်ရသူများ စာရင်းကိုလည်း သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးတို့၌ ကြေညာထားသည်။

### ဖွင့်လှစ်

ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံးသည် ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ စ၍ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီး၌ ဖွင့်လှစ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
### နယ်စပ်ဖြတ်ကျော် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

**နေပြည်တော် ဒီဇင်ဘာ ၄**

၁။ အိမ်နီးချင်းနိုင်ငံများ ကြက်ငှက်တုပ်ကွေးရောဂါ $H_5 N_1$ ဖြစ်ပွားမှု

(က) **မြန်မာနိုင်ငံအရှေ့ဘက်။** ၂၀၀၈ ခု နိုဝင်ဘာလ ပထမပတ်မှ ဒုတိယပတ်အထိ အိမ်နီးချင်းနိုင်ငံအချို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ $H_5 N_1$ ပြောက်ကျားဖြစ်ပွားခဲ့ကြောင်း၊ ကြက်နှင့်ကြက်ထွက်ပစ္စည်း သယ်ယူပို့ဆောင်ရောင်းဝယ်မှုများမှတစ်ဆင့် ကူးစက်ပျံ့နှံ့သည်ဟု ယူဆကြောင်း။

(ခ) **မြန်မာနိုင်ငံအနောက်မြောက်ဘက်။** ၂၀၀၈ခုနိုဝင်ဘာလနောက်ဆုံးပတ်မှ ဒီဇင်ဘာလပထမပတ်အထိ အိမ်နီးချင်းနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ $H_5 N_1$ ပြောက်ကျား ဖြစ်ပွားလျက်ရှိကြောင်း၊ ဆောင်းခိုငှက်များမှ တစ်ဆင့် ကူးစက်သည်ဟု သုံးသပ်ခဲ့ကြောင်း။

၂။ တိရစ္ဆာန်ကျန်းမာရေးသတိ

(က) နယ်စပ်ဖြတ်ကျော် ကြက်၊ ဘဲသားပေါက်များ၊ ကြက်ဥ၊ ဘဲဥများနှင့် ကြက်ထွက်ပစ္စည်းများ တရားမဝင်နယ်စပ်မှဝင်ရောက်ခြင်းမရှိရေး၊ လက်ခံခြင်းမပြုရေး၊ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင် ကာကွယ်ရေး၊ တိရစ္ဆာန်ကျန်းမာရေးသတိဖြင့် ကာကွယ်တားဆီးရန်။

(ခ) ကြက်၊ ဘဲ၊ ငန်း၊ မန်ဒါလီ တိရစ္ဆာန်အမျိုးအစားအလိုက် သီးသန့်စီမွေးမြူခြင်း၊ ခွဲခြားသယ်ယူပို့ဆောင်ခြင်း၊ သီးခြားစီရောင်းချခြင်း၊ ကြက်၊ ဘဲအရှင်ဈေးများ ဇီဝလုံခြုံရေးမြှင့်တင်ခြင်း၊ ဈေးနားရက်များ သတ်မှတ်ထားရှိ၍ လုပ်ငန်းခွင်သန့်ရှင်းရေး၊ ပိုးသန့်စင်ရေး ဆောင်ရွက်ရန်၊

(ဂ) မွေးမြူရေးဘဲများသည် ကြက်ငှက်တုပ်ကွေးရောဂါပိုး ခိုအောင်းသယ်ဆောင်နိုင်သည့် တိရစ္ဆာန်များဖြစ်သဖြင့် ပြည်နယ်/တိုင်းအလိုက် ဒေသအတွင်းတွင်သာ မျိုးဘဲသားဖောက်ခြင်း၊ ဘဲသားပေါက်များ ဖြန့်ဖြူးရောင်းဝယ်မွေးမြူသည့်စနစ်ကျင့်သုံးခြင်း၊ ဘဲခြံများ ခြံလှောင်စနစ်ဖြင့် မွေးမြူ၍ ဇီဝလုံခြုံရေးမြှင့်တင်ခြင်း၊ မျိုးဘဲခြံ များတွင် ရောဂါစူးစမ်းရှာဖွေစစ်ဆေးခြင်း၊ ဘဲဥများ သယ်ပို့ရောင်းချရာတွင် ဘဲဥသယ်ဗန်းများ၊ သေတ္တာများပိုးသန့်ခြင်း စီမံဆောင်ရွက်ရန်၊

(ဃ) ဆောင်းခိုငှက်များ ဖြတ်သန်းနားခိုသည့်နေရာများအား သီးခြားကန့်သတ်ထားရှိပြီး လူ၊အိမ်မွေး တိရစ္ဆာန် ခွေး၊ ကြောင်၊ မွေးမြူရေး တိရစ္ဆာန် ကြက်၊ ငှက်၊ ဘဲ၊ ဝက်များနှင့် ထွေးရောယှက်တင်မှုမရှိရေး၊ ဇီဝလုံခြုံမှုကန့်သတ်ထားရှိရေး စီမံဆောင်ရွက်ရန်၊

၃။ **ပူးပေါင်းဆောင်ရွက်ရေး။** ကြက်၊ဘဲမွေးမြူထုတ်လုပ် သယ်ယူရောင်းချသူများ၊ မွေးမြူရေးလုပ်ငန်းရှင်များသည် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ ဇီဝလုံခြုံမှုမြှင့်တင်ရေးနှင့် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအပါအဝင် သက်ဆိုင်သည့်ဌာနဆိုင်ရာများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းကူညီပါဝင် ဆောက်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**



## အာဆီယံဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အသင်းထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၄**

အင်ဒိုနီးရှားနိုင်ငံတွင် ဒီဇင်ဘာ ၅ ရက်မှ၉ရက်အထိကျင်းပပြုလုပ်မည့် ၂၀၀၈ခုနှစ်(၇)ကြိမ်မြောက်အာဆီယံ ဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲ အုပ်စု (က)ပွဲစဉ်များကို ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ဒီဇင်ဘာ ၂ ရက် ညပိုင်းနှင့်ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းတို့တွင် နှစ်သုတ်ခွဲ၍ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အားကစားဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဆွေမျိုး မိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ်ဦးသိန်းအောင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အား/ကာ)၊အုပ်ချုပ်သူအဖြစ်ဦးအေးမောင်ကြီး၊ နည်းပြချုပ်အဖြစ် မားကိုစ်အန်တိုနီယိုဖလော်ပါ၊ လက်ထောက်နည်းပြများအဖြစ် ဦးဉာဏ်ဝင်း၊ ဦးဇော်ဝင်းထွန်း၊ ဦးမျိုးချစ်၊ ကြံ့ခိုင်ရေးမှူးအဖြစ် ဂိုဒရီဖာနန်ဒက်ဇ်၊ ဆရာဝန်အဖြစ် ဒေါက်တာ အောင်ကျော်ဦး၊ သူနာပြုအဖြစ် ဦးဘကြိုင်၊ လုံခြုံရေးတာဝန်ခံအဖြစ် ဦးခင်ထွန်း၊ မီဒီယာတာဝန်ခံအဖြစ် ဦးကိုကိုသိန်း၊ အားကစားသမားများအဖြစ်ဂိုးသမား-အောင်အောင်ဦး၊ ကျော်ဇင်ထက်၊ နောက်တန်း-မင်းသူ၊ ဟန်ဝင်းအောင်၊ ဇော်လင်းထွန်း၊ မိုးဝင်း၊ သူရအောင်၊ ကျော်ခိုင်ဝင်း၊ ခင်မောင်လွင်၊ ကျော်ဖေယျာဝင်း၊ အလယ်တန်း-ရာဇာဝင်းသိန်း၊ အောင်ကျော်မိုး၊ ထွန်းထွန်းဝင်း၊ အောင်မျိုးသန့်၊ ဇော်ထက်အောင်၊ မျိုးမင်းထွန်း၊ ပိုင်စိုး၊ ရှေ့တန်း-စိုးမြတ်မင်း၊ ရန်ပိုင်၊ ကျော်သီဟ၊ စည်သူသန်းနှင့် အောင်ကျော်မျိုးတို့ ပါဝင်ကြသည်။ အင်ဒိုနီးရှား၌ ကျင်းပမည့် အုပ်စု(က)ပွဲစဉ်များကို ဒီဇင်ဘာ ၅ရက်မှ ၉ရက်အထိ၊ ထိုင်းနိုင်ငံ၌ ကျင်းပမည့် အုပ်စု(ခ) ပွဲစဉ်များကို ဒီဇင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ဒီဇင်ဘာ ၅ရက်တွင် အိမ်ရှင်အင်ဒိုနီးရှား၊ ၇ ရက်တွင် စင်ကာပူ၊ ၉ရက်တွင် ကမ္ဘောဒီးယားအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ (ကြေးမုံ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၅-၁၂-၂၀၀၈ (သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မ့ာရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၁၅ | ၄။ | မဟာဂီတ ချိုကြည်မြ |
| ၄း၂၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၄း၃၀ | ၆။ | ရင်မှာစွဲလန်းတော်ဝင်ပန်း |
| ၄း၄၀ | ၇။ | မြန်မာစာ မြန်မာစကား |
| ၅း၀၀ | ၈။ | အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၅း၄၅ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၆း၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၃။ | စောင့်မျှော်ရှုစားကြိုးဝိုင်း စကား |
| ၆း၄၅ | ၁၄။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၅။ | **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး (အပိုင်း-၂၉)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | စိုက်ပျိုးသုတ |
| | ၂၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| | ၂၁။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -နှလုံးသားအလှသစ္စာတရား (အပိုင်း-၁)** |
| | ၂၃။ | သင့်အတွက်မနက်ဖြန် |
| | ၂၄။ | အပိတ်နှုတ်ဆက်စကား |
| | ၂၅။ | ပြီးပါပြီ။ |

# မြန်မာ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပ နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်

နေပြည်တော်   ဒီဇင်ဘာ   ၄

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရန်ကျဲချီ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ တရားဝင်အလည်အပတ်ခရီးအဖြစ် ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာသည်။**

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မုတို့က နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် ဝန်ကြီးနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မဒမ် ရန်ရန်ရီ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ရှီးဘုံ၊ သတင်းပြန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ချင်းကန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါလာကြသည်။

ထို့နောက် ဧည့်သည်တော် ဝန်ကြီးသည် ညနေ ၄ နာရီတွင် နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ လာရောက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့်တွေ့ဆုံကာ နှစ်နိုင်ငံ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပသည်။

ယင်းဆွေးနွေးပွဲတွင် တရုတ်ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာကိုယ်စားလှယ် အဖွဲ့တို့အကြား နှစ်နိုင်ငံဆွေမျိုးပေါက်ဖော် ဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များ၊ နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ကြသည်။

ညပိုင်းတွင် ဧည့်သည်တော် ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းက နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရန်ကျဲချီတို့ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်။** (သတင်းစဉ်)



# (၆၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကျင်းပမည်

ရန်ကုန်   ဒီဇင်ဘာ   ၄

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၆၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲကို ၁၃၇၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၂ ရက် (တနင်္ဂနွေနေ့)မှ ၁၃၇၀ပြည့်နှစ် ပြာသိုလပြည့်ကျော် ၅ ရက် (ကြာသပတေးနေ့) ဒီဇင်ဘာ ၁၄ ရက်မှ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အထိ ၃၃ ရက်တိုင် ကျင်းပမည်ဖြစ်သည်။**

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲဖွင့်ပွဲ အခမ်းအနားကို ၁၃၇၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၂ ရက် (ဒီဇင်ဘာ ၁၄ ရက်၊ တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စာမေးပွဲကြီးကြပ်ရေးဆရာတော်များနှင့် စာမေးပွဲဝင် သံဃာတော်များအား ဆွမ်းဒါနလှူဒါန်းလိုသော အလှူရှင်များသည် ငွေပဒေသာပင် တစ်ပင်လျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အရုဏ်ဆွမ်းအတွက် တစ်ပါးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့်လည်းကောင်း၊ နေ့ဆွမ်းအတွက် တစ်ပါးလျှင် ငွေကျပ် ၁၄၀၀ နှုန်းဖြင့်လည်းကောင်း ၊ ကမ္ဘာအေးစေတီတော် အရှေ့ဘက်စောင်းတန်းမုခ်ဦးရှိ အလှူခံဌာနနှင့် သာသနာရေးဦးစီးဌာန ဖုန်း- ၆၅၂၇၉၄၊ ၆၆၃၃၂၅၊ ၆၆၄၅၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံ သံအမတ်ကြီးအဖြစ်

## မစ္စတာရူဒီ၊ ဗက်စထေးတန်အား ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ ရူဒီ၊ ဗက်စထေးတန်အား ခန့်အပ်ရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာရူဒီ၊ ဗက်စထေးတန်အား ဟားဆော့လ်ထ်မြို့၌ ၁၉၅၈ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ရိုမန်ဘာသာစကား ပညာရှင်တစ်ဦးဖြစ်ပြီး ၁၉၈၇ ခုနှစ်မှ စတင်၍ ဘယ်လ်ဂျီယံနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာရူဒီ၊ ဗက်စထေးတန်သည် ဘယ်လ်ဂျီယံနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ဂျာနိုင်ငံ၊ ဘူလ် ဂေးရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကင်ညာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုရှိ ဘယ်လ်ဂျီယံနိုင်ငံ သံရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဘယ်လ်ဂျီယံနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာ ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ခိုလှုံခွင့်၊ ရွှေ့ပြောင်းနေထိုင်ခွင့်နှင့် လူကုန်ကူးမှု ကိစ္စရပ်များဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ ရူဒီ၊ ဗက်စထေးတန်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။(သတင်းစဉ်)

## တံတားဦး အထက သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲ အလှူငွေပေးအပ်

ရန်ကုန်   ဒီဇင်ဘာ   ၄

တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးအတွက် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၃၀ ရက်က တံတားဦးမြို့ရှိ ထိပ်တန်းအောင်ကဖေး၌ ကျင်းပရာ ဆည်မြောင်းဦးစီးဌာနမှ အငြိမ်းစား အရာရှိ၊ ညွှန်ကြားရေးမှူး ဦးမြင့်သန်းနှင့် ဇနီး ဒေါ်မြင့်မြင့်ထွေးတို့က မြတ်ဆရာ ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းသည်။ သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၄ရက်တွင် ကျင်းပမည် ဖြစ်ပြီး ပါဝင်လှူဒါန်းလိုသူများသည် ဒေါက်တာ ကျော်တင် ဖုန်း-၀၆၆-၄၄၀၅၈၊ ဦးတင့်လွင် (ထန်းလျက်ပွဲရုံ) ဖုန်း-၀၆၆-၄၄၀၂၃၊ ဦးသန့်စင် (တော်ဝင်ရတနာရွှေဆိုင်) ဖုန်း- ၀၆၆-၄၄၀၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## ဓာတ်ငွေ့ /ဓာတ်ငွေ့ရည် ဆလင်ဒါအိုးသုံးစွဲသူများ အထူးသတိပြုရန်

၁။ စီအင်န်ဂျီ၊ အောက်ဆီဂျင်၊ နိုက်ထရိုဂျင်၊ အောက်ဆီအက်ဆီတလင်း၊ အယ်လ်ပီဂျီစသည့် ဓာတ်ငွေ့/ဓာတ်ငွေ့ရည် ထည့်သွင်းအသုံးပြုရန် ထုတ်လုပ်ထားသော ဆလင်ဒါအိုးအမျိုးအစား အလိုက် ဖိအားခံနိုင်ရည်ရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဆလင်ဒါအိုးအမျိုးအစား | ဖိအားခံနိုင်ရည်ရှိမှု |
|---|---|---|
| (က) | စီအင်န်ဂျီ | ၃၀၀၀ပေါင်/စတုရန်းလက်မ |
| (ခ) | အောက်ဆီဂျင်နှင့်နိုက်ထရိုဂျင် | ၂၂၀၀ပေါင်/စတုရန်းလက်မ |
| (ဂ) | အောက်ဆီအက်ဆီတလင်း | ၂၅၀ ပေါင်/စတုရန်းလက်မ |
| (ဃ) | အယ်လ်ပီဂျီရေနံဓာတ်ငွေ့ရည် | ၃၀ပေါင်/စတုရန်းလက်မမှ |
| | | ၂၀၀ ပေါင်/စတုရန်းလက်မ |

၂။ သို့ဖြစ်ပါ၍ ဓာတ်ငွေ့/ဓာတ်ငွေ့ရည်အမျိုးအစားအလိုက် ထည့်သွင်းအသုံးပြုသည့် ဆလင်ဒါ အိုးများ၏ ဖိအားခံနိုင်ရည်ရှိမှုကွာခြားချက်ကြောင့် ဖိအားအလွန်များသည့် စီအင်န်ဂျီကဲ့သို့ ဓာတ်ငွေ့ကို အခြားဓာတ်ငွေ့/ဓာတ်ငွေ့ရည် ဆလင်ဒါအိုးအတွင်းသို့ ပြောင်းလဲထည့်သွင်းပါက ပေါက်ကွဲမီးလောင်မှုဖြစ်ပွားပြီး အသက်အန္တရာယ် ထိခိုက်ဆုံးရှုံးမည်ဖြစ်ပါသဖြင့် ဓာတ်ငွေ့/ဓာတ်ငွေ့ရည် အမျိုးအစားအလိုက် သတ်မှတ်ထားသည့် ဆလင်ဒါအိုးအမျိုးအစားကိုသာ အသုံးပြုကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၅-၁၂-၂၀၀၈ (သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ အဆိုပြိုင်ပွဲ
၈း၁၀ ၆။ **“မပြောမပြီးမတီးမမြည်” (နေရဲလင်း၊ မောင်မောင်မြင့်၊ ခင်မောင်စိုးတင့်၊ ရှင်ဖုန်းအိမ့်ချယ်၊ ဖိုးဇော်၊ ခိုင်ဆုသွယ်၊ စိုင်းခန့်စိုးလင်း) (ဒါရိုက်တာ-မောင်မောင်မြင့်)**
၈း၃၀ ၇။ International News
၈း၄၅ ၈။ ကြေးမုံရိပ်သွင် တေးနုယဉ်
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေးစစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၄း၂၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၃၀ ၄။ အတီးပြိုင်ပွဲ
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
- ဒုတိယနှစ် (မြန်မာစာ၊ ရသစာပေ၊ အရှေ့တိုင်းပညာ အထူးပြုများ) (ဒဿနိကဗေဒ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
၅း၁၀ ၈။ မြန်မာစာ၊ မြန်မာစကား (အပိုင်း-၂)
၅း၂၅ ၉။ **“ကြိုတင်ပြင်ဆင် ဆောင်ရွက်လျှင် အန္တရယ်ကင်းစင် မွေးမိခင်” (ထွန်းထွန်းဝင်း၊ ဖိုးသောကြာ၊ မေသန်းနု၊ ပပဝင်းခင်၊ ဝင့်နန္ဒာဖြိုး) ဒါရိုက်တာ- အောင်မိုး (ပဲရစ်)**
၅း၄၅ ၁၀။ တေးဂီတအစီအစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ သုတစုံလင် ရွှေညဏ်ရှင်
၇း၀၀ ၁၄။ ဂီတစာဆိုတစ်ဦး၏ အကြိုက်ဆုံးတေးများထဲက တေးတစ်ပုဒ်
၇း၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ ‘ကုန်သွယ်မှုန်တိုင်း’ (အပိုင်း-၃၂)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပင်လယ်ပျော်မင်းသား ” (အပိုင်း-၅၂)**
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများ ခြင်းတရားတော်
၂၁။ အစီအစဉ်ပြီး၏။

## ✳ ကျောဖုံးမှ

ထို့နောက် ဝန်ကြီးသည် ကျေးရွာအတွင်း ဆောက်လုပ်ပြီးစီးပြီးဖြစ်သော ကျေးလက်အိမ်ရာများ၌ ပြည်သူများ နေထိုင်မှုအခြေအနေများနှင့် ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လပွတ္တာမြို့နယ် ရေတွင်းဆိပ်ကျေးရွာအုပ်စု ကွင်းအမှတ် (၆၂)ရှိ မြေဧက ၁၅၀ ခန့်၌ လယ်ထွန်စက်ကြီးနှစ်စီး၊ လက်တွန်းလယ်ထွန်စက် ငါးစီး၊ ရေစုပ်စက်နှစ်လုံး၊ လုပ်သားအင်အား ၅၀ ကျော်၊ နိုင်ငံတော်မှ ဆားလုပ်ငန်းချေးငွေ ပထမအရစ် ငွေကျပ်သိန်း ၆၀ တို့ဖြင့် ဆားလုပ်ငန်းများ ပြန်လည် စတင်ဆောက်ရွက်လျက်ရှိသော လပွတ္တာမြို့မှ ဦးဝင်းနိုင်၊ ဒေါ်သန်းဝင်းတို့၏ ဆားလုပ်ငန်းလုပ်ကွက်သို့ ရောက်ရှိကာ ဆားလုပ်ငန်းလုပ်ကွက်အတွင်း ဆားကျုံးကွက်များ ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

လေဘေးဒဏ်ကြောင့် ပျက်စီးခဲ့သော ဆားလုပ်ကွက်များ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဆားလုပ်ငန်းရှင်များသို့ ချေးငွေများ ထုတ်ပေးခြင်း၊ လိုအပ်သောသစ်၊ ထွန်စက် စက်သုံးဆီများ ပံ့ပိုးခြင်းတို့ဖြင့် လပွတ္တာမြို့နယ်အတွင်း ဆားကုန်ထုတ်သမဝါယမအသင်းသားများနှင့် ဆားလုပ်ငန်းရှင် ၁၈၀ တို့က ဆားထုတ်လုပ်မည့် ဧရိယာ ၉၁၁၉ ဒသမ ၂၃ ဧက၌ နေလှန်းဆားများ ထုတ်လုပ်နိုင်ရေး ဆားလုပ်ကွက်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးသည် ပြင်စလူမြို့သို့ ရောက်ရှိပြီး ပြင်စလူမြို့ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော မက်စ်မြန်မာကုမ္ပဏီ ရှင်းလင်းဆောင်၌ ပြင်စလူမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ပြင်စလူမြို့ မြို့ကွက်ပုံစံကို ပြင်ဆင်ရေးဆွဲပြီး ဌာနဆိုင်ရာ မြေကွက်များ၌ ယာယီရုံးနှင့် ဝန်ထမ်းအိမ်ရာအတွက် ကျေးလက်အိမ်ရာ နှစ်လုံးစီကို ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ ပြင်စလူမြို့၌ လူ ၁၀၀၀ ဆံ့ Cyclone Shelter နှစ်လုံးကို ဆောက်လုပ်သွားမည်ဖြစ်ရာ တစ်လုံးကို သာမန်အချိန်တွင် အထက်တန်းကျောင်းအဖြစ်လည်းကောင်း၊ ကျန်တစ်လုံးကို စုပေါင်းရုံးအဖြစ် လည်းကောင်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ မြို့မီးလင်းရေးအတွက် လမ်းမီးများ တိုးမြှင့်ထွန်းပေးနိုင်ရေး အတွက် မီးတိုင်နှင့် မီးချောင်းများ ပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဝန်ကြီးသည် ကုမုဒြာလမ်းတစ်လျှောက် လမ်းသဲမှုတ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး အိမ်ရာများ၌ နေထိုင်လျက်ရှိသော ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ပြည်ထောင်စုလမ်းတစ်လျှောက် ဌာနဆိုင်ရာမြေကွက်များ၌ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် လပွတ္တာမြို့ရှိ ဧရာဝတီဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လင်းအောင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

လပွတ္တာမြို့ ဧရာဝတီဆိပ်ခံတံတားကို အရှည် ၁၀၈ ပေ၊ အကျယ် ၁၂ ပေရှိ သံကူကွန်ကရစ်တိုင်၊ သစ်သားကိုယ်ထည် တံတားအဖြစ် နိုဝင်ဘာ ၉ရက်က စတင်ပြီး လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောက်လုပ်လျက်ရှိရာ ဒီဇင်ဘာလကုန်အပြီး ဖွင့်လှစ်နိုင်မည်ဖြစ်ပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မည်ဖြစ်သဖြင့် ပြည်သူများ ခရီးလမ်းပန်းဆက်သွယ်ရေး ပိုမို ချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ဝန်ကြီးအား လပွတ္တာမြို့ပေါ် သြဘာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းခွင်၌ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကတ္တရာ ထပ်ပိုးလွှာခင်းမှု အခြေအနေများကို တင်ပြရာ ဝန်ကြီးက မြို့ပေါ်တွင် လက်ရှိဆောင်ရွက်လျက်ရှိသော လမ်းလုပ်ငန်းအားလုံး သတ်မှတ်ရက်တွင် အပြီးဆောင်ရွက်နိုင်ရေး လူအင်အား၊ စက်အင်အား တိုးမြှင့်ဆောင်ရွက်သွားရန်၊ လမ်းအရည်အသွေးကိုလည်း သတ်မှတ်ချက်အညီ စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန် မှာကြားသည်။

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော လပွတ္တာမြို့ပေါ်ရှိ လမ်း ခုနစ်လမ်းနှင့် ဧရာဝတီဆိပ်ခံတံတား တည်ဆောက်ခြင်းလုပ်ငန်းကို စည်ပင်သာယာရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေဖြင့် အောက်တိုဘာလလယ်မှ လုပ်ငန်း စတင်ဆောင်ရွက်ခဲ့ရာ လမ်းအရှည်ပေ ၂၄၅၀၊ အကျယ် ပေ ၃၀ရှိ စိန်ရတုလမ်း၊ လမ်းအရှည် ပေ ၂၁၀၀၊ အကျယ် ၁၂ ပေရှိ မြို့ပတ်လမ်း၊ လမ်းအရှည် ၉၄၅ပေ၊ အကျယ် ၁၂ ပေရှိ မြို့ပတ်လမ်း (မြို့အဝင်အပိုင်း)၊ လမ်းအရှည် ပေ ၁၆၀၀၊ အကျယ် ၁၂ ပေရှိ အနော်ရထာလမ်း စုစုပေါင်း လမ်းလေးလမ်းကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ပြီးစီးပြီဖြစ်သည်။

ထို့နောက် လမ်းအရှည် ပေ ၂၂၀၀၊ အကျယ် ၃၅ ပေရှိ သြဘာလမ်းနှင့် လမ်းအရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေရှိ ဘုရားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် လမ်းအရှည် ၁၂၄၇ ပေ၊ အကျယ် ၁၂ ပေရှိ ရတနာဒီပလမ်း ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းတို့ကို လူအင်အား၊ စက်အင်အား တိုးမြှင့်ကာ လုပ်ငန်းများ သတ်မှတ်ရက်အပြီး စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ▲ မကွေးတိုင်းမှ

တာဝန်ရှိသူနှင့်အတူ မိမိတို့သတင်းအဖွဲ့ သိလိုသမျှ ကြက်သွန်နီစိုက်ပျိုးရေးနှင့်ပတ်သက်၍ အချက်အလက်များအား ရှင်းလင်းပြောပြသည်။

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အနီးကပ် ကြီးကြပ်လမ်းညွှန်အားပေးမှုကြောင့် ကုမ္ပဏီအဖွဲ့အစည်းများအား မကွေးတိုင်းအတွင်း မြေယာသစ်များ ဖော်ထုတ်စေပြီး ဒေသထွက် အဓိကသီးနှံများဖြစ်သော နှမ်း၊ ပဲအမျိုးမျိုးနှင့် ကြက်သွန်နီများ တိုးချဲ့စိုက်ပျိုးစေမှုကြောင့် ဒေသခံပြည်သူများ ဝင်ငွေတိုးတက်စေခြင်း၊ အလုပ်အကိုင်ရရှိစေသောကြောင့် ဆင်းရဲမွဲတေမှု ပပျောက်စေခြင်းနှင့် အလုပ်အကိုင် အခွင့်လမ်းသစ်များ ပေါ်ပေါက်စေခြင်းအပြင် ပြည်သူလူထု၏ အခြေခံစားကုန်တစ်ခုဖြစ်သော ကြက်သွန်နီများအား ဒေသအတွင်း ပိုလျှံရုံသာမက အခြား ပြည်နယ်နှင့်တိုင်းများမှ ပြည်သူလူထုများ စားသုံးနိုင်ရန် အတွက်နှင့် ပြည်ပပို့ကုန်အဖြစ်သို့ပါ တိုးတက်အောင်မြင်လာနေပြီဖြစ်သည်။

မကွေးတိုင်းအတွင်း ကြက်သွန်နီကို တိုင်းအတွင်းရှိ မြို့နယ်အားလုံးတွင် စိုက်ပျိုးကြသော်လည်း အဓိက စိုက်ပျိုးသော မြို့များမှာ မကွေး၊ နတ်မောက်၊ မြို့သစ်၊ ဆင်ပေါင်ဝဲ၊ ဆိပ်ဖြူ၊ ရေစကြို၊ စလင်း၊ အောင်လံ၊ တောင်တွင်းကြီးနှင့် ပေါက်မြို့တို့ဖြစ်သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ကုမ္ပဏီအဖွဲ့အစည်းပေါင်း ၁၉ခုမှ မြေသားသစ်များ ရှာဖွေဖော်ထုတ်ပြီး တိုးချဲ့စိုက်ပျိုးကြလျက်ရှိရာ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မိုးကြက်သွန်နီ ၄၃၈ဧကနှင့် ဆောင်းကြက်သွန်နီ ၁၁၇၇ဧက စုစုပေါင်း ၁၆၁၅ ဧက စိုက်ပျိုးခဲ့ရာမှ ယခု ၂၀၀၈-၂၀၀၉ ခုနှစ်တွင် မိုးကြက်သွန်နီဧက ၆၅၀ နှင့် ဆောင်းကြက်သွန်နီ ၄၂၉၉ ဧက စုစုပေါင်း ၄၉၄၉ဧကအထိ တိုးချဲ့စိုက်ပျိုးရန် လျာထားကြောင်း သိရှိရသည်။ မိုးကြက်သွန်နီမှာ ဥအသေးများကို စိုက်ပျိုးခြင်းဖြစ်ပြီး နှစ်စဉ်အောက်တိုဘာလတွင် စတင်စိုက်ပျိုး၍ ဒီဇင်ဘာလတွင် တူးဖော်ရရှိကြောင်းနှင့် ဆောင်းကြက်သွန်နီမှာ ပျိုးပင်မှတစ်ဆင့် စိုက်ပျိုးရခြင်းဖြစ်ပြီး နှစ်စဉ် ဇန်နဝါရီလတွင် စတင်စိုက်ပျိုး၍ ဧပြီလတွင် တူးဖော်ရရှိကြောင်း၊ မိုးကြက်သွန်တစ်ဧကလျှင် ပိဿာ ၄၀၀၀နှုန်းခန့် ထွက်ရှိပြီး ဆောင်းကြက်သွန်နီတစ်ဧကလျှင် ပိဿာ ၅၀၀၀ နှုန်းခန့် ထွက်ရှိကြောင်း ကုန်သွယ်လယ်ယာ တာဝန်ရှိသူက ရှင်းပြသည်။

ကုမ္ပဏီများ၏ကြက်သွန်နီစိုက်ခင်းများ တည်ရှိရာဒေသမှ ကျေးလက်နေ ပြည်သူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်ယာမြေများတွင် ထွန်ယက်စိုက်ပျိုးမှုမှ ဝင်ငွေအဖြစ် ကုမ္ပဏီစိုက်ခင်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်နိုင်ကြသဖြင့် အပိုဝင်ငွေများ ရရှိနေကြပြီဖြစ်သည်။ထွန်ယက်ခြင်းအတွက် နွားတစ်ရှဉ်းလျှင် တစ်နေ့ငွေကျပ် ၂၀၀၀ နှုန်း၊ လုပ်အားခ တစ်နေ့ကို ငွေကျပ် ၁၀၀၀ နှုန်း ရရှိလျက်ရှိရာ ယခင်ကထက် ဝင်ငွေ ပိုမိုရရှိလာမှုကြောင့် မိသားစုဝင်များ၏ စားဝတ်နေရေး အခြေအနေသည်လည်း တိုးတက်ကောင်းမွန်သည့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း မျက်မြင်လေ့လာတွေ့ရှိခဲ့ရသည်။

ကြက်သွန်နီ စိုက်ပျိုးရာတွင် ၂၀၀၈-၂၀၀၉ကာလတွင် တစ်ဧကပျမ်းမျှ ၁၀ သိန်းခန့် စရိတ်ကုန်ကျမည်ဖြစ်ကြောင်း သိရှိရပြီး စိုက်ပျိုးစဉ်ကာလအတွင်း ကြက်သွန်နီစိုက်ခင်း၌ သရစ်ပိုး၊ ပြပိုး၊ ပင်ဖျက်ပိုး၊ပိုးနဂါး စသည့်ပိုးများ ကျရောက်တတ်ပြီး ရောဂါများအနေဖြင့် ကြက်သွန်ဒေါင်းနီးမှိုရောဂါ၊ ကြက်သွန်တောက်တဲ့မြီးရောဂါ၊ ကြက်သွန်ဥထိပ်ပုပ်ရောဂါ စသည့် ရောဂါများ ကျရောက်တတ်ကြောင်း စိုက်ခင်းတာဝန်ခံ ဦးမျိုးအောင်က သတင်းအဖွဲ့အား ရှင်းပြသည်။

ကြက်သွန်နီပင်များ ကြီးထွားအောင်မြင်ရှင်သန်ရန်အတွက် အပင်ကြီးထွားချိန်များတွင် အပူချိန် ၆၈°F မှ ၇၀°F အထိ၊ ကြက်သွန်ဥဖြစ်ပေါ်ချိန်များတွင် အပူချိန်၇၀°F မှ ၈၀°F အထိနှင့် နေ့တာအရှည် (၁၂ နာရီမှ ၁၅ နာရီအထိ) ရရှိရန် လိုအပ်ပြီး မျိုးစေ့ထုတ်ရန် ရည်ရွယ်သော အပင်များအတွက် အပူချိန် ၅၀°F မှ ၆၀°F အထိ နေ့တာအရှည် (၉ နာရီ၊ ၁၂နာရီအထိ) နှင့် ၎င်းနေ့တာအလိုက် နှစ်ပတ်သားမှ သုံးပတ်သားအထိရရှိမှသာ ပန်းပွင့်ပြီး အစေ့တည် အောင်မြင်နိုင်ကြောင်း သိရှိခဲ့ရသည်။

ထို့နောက် ကိုယ်ပွားသတင်းအဖွဲ့သည် နေပူရှိန်အောက်ရှိ ယင်းချောင်းသဲသောင်ပြင်ပေါ်၌ တင့်မောဖွယ် ပန်းချီကားတစ်ချပ်အလား ကြက်သွန်နီ စိုက်ခင်းများအကြားမှ ကျေးလက်တောင်သူတို့၏ သဘာဝအတိုင်း လွတ်လပ်စွာ ရရာသီချင်းများ ဟစ်ကြွေးသီဆို၍ ပင်ပန်းသည်ဟု မထင်ရလောက်အောင် လုပ်ငန်းခွင်အတွင်းလုပ်ကိုင်နေသူ ကြက်သွန်တောင်သူများအား နှုတ်ဆက်ပြန်ခဲ့ကြသည်။ ။

## ❖ မိုဘိုင်းဖုန်းမှ

လူငယ်လေးများသည် ပီစီကွန်ပျူတာအသုံးပြုခြင်းထက် ယင်းဖုန်းဖြင့် အင်တာနက်ကြည့်ရန် ပိုမိုလိုလားကြခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

အင်တာနက် ဝက်ဘ်ဆိုက်များအနက် Google ဆိုက်မှာ ရေပန်းအစားဆုံး ဝက်ဘ်ဆိုက်တစ်ခုဖြစ်ကြောင်း၊ အင်တာနက်တွင်တင်ထားသော သတင်းများကို လူငယ်လေးများ ရှာဖွေကြည့်ရှုကြလေ့ရှိကြောင်း မီဒီယာသုတေသီ ကင့်ဖာဂူဆန်က ပြောကြားသည်။

မိုးလေဝသ သတင်းများနှင့် အားကစားသတင်းများသည် အများပြည်သူစိတ်ဝင်စားသည့် သတင်းများတွင် ပါဝင်ကြောင်း၊ လူငယ်လေးများသည် အီးမေးလ်ပို့ရန်လည်း စိတ်ဝင်စားကြကြောင်း ဖာဂူဆန်က ပြောကြားသည်။

ဗြိတိန်နိုင်ငံတွင် မိုဘိုင်းဖုန်းမှတစ်ဆင့် အင်တာနက်ကြည့်ရှုသူဦးရေ၏ လေးပုံတစ်ပုံမှာ အသက် ၁၅နှစ်မှ ၂၄နှစ်အကြားရှိ အသက်အရွယ်များဖြစ်ကြောင်း သိရသည်။

၂၀၀၇ ခုနှစ် နှစ်ကုန် အခြေပြစာရင်းအရ ကမ္ဘာတစ်ဝန်းလုံးတွင် မိုဘိုင်းဖုန်းသုံးစွဲမှု ၇၉၇ ဒသမ ၆ သန်းရှိသည့်အနက် ၂၅ ရာခိုင်နှုန်းမှာ မိုဘိုင်းဖုန်းမှတစ်ဆင့် အင်တာနက်ကြည့်ရှုသူများဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။ ***အင်တာနက်။***

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၁၂-၂၀၀၈ (သောကြာနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "ခန္ဓာလေ့တွင်ရိက္ခာတင်" တရားတော် [အရှင်ဥတ္တရ(ကျိုက်ဒေးရုံဆရာတော်)] |
| ၇း၅၀ - ၁း၅၀ | သီးနှံစိုက်ပျိုးအထွက်တိုး (စားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုးအောင်စိုက်ကြစို့) |
| ၇း၅၅ - ၁း၅၅ | တေးဂီတအစီအစဉ် |
| ၈း၀၀ - ၂း၀၀ | Art Vision (နာဂရိုးရာယဉ်ကျေးမှုဓာတ်ပုံပြပွဲ) |
| ၈း၂၀ - ၂း၂၀ | Activities In The City (Chatrium Dream Wedding Fair 2008) |
| ၈း၃၀ - ၂း၃၀ | ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Two-M Stationary, Fancy, Gift) |
| ၈း၄၀ - ၂း၄၀ | တေးဂီတအစီအစဉ် |
| ၈း၄၅ - ၂း၄၅ | သဏ္ဍာယဒိဋ္ဌိပြုတ်လမ်း သောတာပတ္တိမဂ်စခန်း (ဆရာကြီးဦးလှမြိုင်) |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | Treasure From The Earth (အပိုင်း-၁) |
| ၉း၅၀ - ၃း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ - ၃း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၀ - ၄း၀၀ | နယဉ်ဆန်းထွင်သစ်သီးအလှဆင် (ပန်းသီးဖြင့် ဘဲငန်းပုံနှင့် သစ်ရွက်ပုံဖော်ခြင်း) |
| ၁၀း၁၅ - ၄း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၀ - ၄း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ - ၄း၂၅ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ "ဒေါက်တာနိုက်တင်ဂေးနှင့်ဆွေးနွေးခန်း" |
| ၁၀း၄၅ - ၄း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၅ - ၄း၅၅ | လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား |
| ၁၁း၁၅ - ၅း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၀ - ၅း၂၀ | သေးသွယ်လှပစတိုင်ကျ |
| ၁၁း၃၀ - ၅း၃၀ | ဓာတ်ပုံထဲမှအမှတ်တရများ (အဆိုတော် Jenny ၏ ဓာတ်ပုံထဲမှအမှတ်တရများ) |
| ၁၁း၅၅ - ၅း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ - ၆း၀၀ | ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင် (အကယ်ဒမီထွန်းထွန်းဝင်း၊အကယ်ဒမီမေသန်းနု၊ ဖိုးသောကြာ၊ပပဝင်းခင်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)] |
| ၁၂း၁၅ - ၆း၁၅ | Excellent Video & Photo Studio (ရွှေမင်္ဂလာစုံတွဲရာပုံတော်ရွေးချယ်ပွဲကြီး) |
| ၁၂း၄၅ - ၆း၄၅ | ပြည်သူအကျိုးမျှော်ရည်သန် မြန်မာ့စီးပွားရေးဘဏ် |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၄

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာသည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** နမ့်စန်မြို့နှင့် ဟားခါးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိလာသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**ဒီဇင်ဘာ ၅ ရက်ညနေထိ ခန့်မှန်းချက်။** ။တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်နေမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။
**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၁ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၈၉ ဒီဂရီဖာရင်ဟိုက်)၃-၁၂-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၁၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၆၀ဒီဂရီဖာရင်ဟိုက်)၄-၁၂-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၆ ရာခိုင်နှုန်း ၄-၁၂-၂၀၀၈

နေပူသည့်နာရီပေါင်း ၉ဒသမ၈ နာရီခန့် ၃-၁၂-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၄-၁၂-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ ယနေ့အထိ | ၂၈၀၂ မမ (၁၁၀ဒသမ ၃၁လက်မ) | ၃၀၇၂မမ (၁၂၀ဒသမ ၉၅လက်မ) | ၃၅၈၀မမ (၁၄၀ဒသမ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၃-၁၂-၂၀၀၈ ရက် ၁၇း၃၀နာရီတွင် အရှေ့မြောက်ဘက်မှ တစ်နာရီခြောက်မိုင်နှုန်း တိုက်ခတ်သည်။

# ပညာရပ်နှစ်မျိုးပို့ချပေးမည့်ပထမဆုံးသင်တန်း

**သတင်းဆောင်းပါး**

**ဦးမောင်ပိုင်၊ ဥမ္မာသန့်**

**ပြတိုက်နှင့်စာကြည့်တိုက်ပညာအထူးအခြေခံသင်တန်း** ဟူသည်ကို ယခင်က မကြားဘူးခဲ့ချေ။ ယခုပြတိုက်ပညာနှင့် စာကြည့်တိုက်ပညာတို့ကို တစ်ပေါင်းတည်း ပို့ချမည်ဟုသိရှိရသဖြင့်ထူးခြားနေသည်။ ထို့ကြောင့် သင်တန်းနှင့် ပတ်သက်သည်များကို သတင်းသမားပီပီ ဆွေးနွေးမေးမြန်း၍ သိသမျှကို ဖောက်သည်ချလိုသည်။

Knowledge Age ဟုခေါ်ဝေါ်ကြသော ယခုအချိန်အခါတွင် အသိဉာဏ်ပညာဗဟုသုတ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ချက်မှန်သမျှကို Media တို့က မီးမောင်းထိုးပြသင့်သည် မဟုတ်ပါလော။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ပေါ်လာစေရန် အဓိကကျသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုကို ဂုဏ်ပြုရမည်ပင် မဟုတ်ပါလော။ ထို့ကြောင့် မိမိတို့သတင်းအဖွဲ့သည် သင်တန်းဖွင့်လှစ်ပို့ချရာ ရန်ကုန်မြို့ရန်ကင်းမြို့နယ် သီရိမင်္ဂလာရိပ်သာလမ်းသွယ်ရှိယဉ်ကျေးမှုဝန်ကြီးဌာနရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၏ အမျိုးသားစာကြည့်တိုက်သို့ သွားရောက်၍ တာဝန်ရှိသူများ သင်တန်းသားများနှင့် တွေ့ဆုံးမေးမြန်းခဲ့ပါသည်။

ပြတိုက်နှင့် စာကြည့်တိုက်ပညာအထူးအခြေခံသင်တန်း(၁/၂၀၀၈) သင်တန်း ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှု ဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်မှာ-

"ပြတိုက်ပညာနှင့် စာကြည့်တိုက်ပညာနှစ်ခုလုံးကို တစ်ပါတည်း ပို့ချတဲ့ ပထမဦးဆုံး သင်တန်းဖြစ်ပါတယ်။ ပြတိုက်ပညာကို ပြည်နယ်နှင့်တိုင်း ကိုးခုမှာ ရှေးဟောင်းယဉ်ကျေးမှုပြတိုက်တွေ ဖွင့်ပြီးဖြစ်လို့ လိုအပ်တဲ့ ပြတိုက်ပညာသင်တန်းတွေ ဖွင့်ခဲ့ပါတယ်။ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)ကလည်း ပြတိုက်ပညာဒီပလိုမာ တစ်နှစ် သင်တန်းကို ၂၀၀၁ ခုနှစ်ကစ၍ ဖွင့်လှစ်ခဲ့ရာမှာ ၂၀၀၈ခုနှစ်မှာခုနစ်ကြိမ်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။ ပြတိုက်ပညာဒီပလိုမာ တစ်နှစ်သင်တန်းကို ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများနဲ့ ပြင်ပမှဘွဲ့တစ်ခုခုရရှိပြီးစိတ်ပါဝင်စားသူများကို တက်ရောက်ခွင့်ပြုထားပါတယ်။

"ဒီသင်တန်းကို ယဉ်ကျေးမှုဝန်ကြီးဌာန အောက်မှာရှိတဲ့ ဌာနအသီးသီးက ပြတိုက်ပညာနှင့်စာကြည့်တိုက်ပညာတတ်မြောက်ထားခြင်း မရှိသောဝန်ထမ်းများအတွက် ပြတိုက်နှင့်စာကြည့်တိုက်အခြေခံအသိပညာများရရှိစေရန်၊ အမျိုးသားပြတိုက်နှင့်



**ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။**

အမျိုးသားစာကြည့်တိုက်၏ ပြတိုက်လုပ်ငန်းနှင့် စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ ပညာပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ်ဆောင်ရွက်ရန် ပြတိုက်နှင့်စာကြည့်တိုက်ဆိုင်ရာ အသိပညာနှင့်ဗဟုသုတများ ပိုမိုတိုးပွားပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေလွယ်ကူလာစေရန်နှင့်သုတေသနလုပ်ငန်းများတွင် အကျိုးရှိစွာအသုံးချနိုင်စေရန်ဆိုတဲ့ ရည်ရွယ်ချက်များထားရှိပြီးဖွင့်လှစ်ခဲ့ပါတယ်။ သင်တန်းမှာ ပြတိုက်ပညာ ဘာသာရပ် ရှစ်မျိုး၊ စာကြည့်တိုက်ပညာ ဘာသာရပ် ၁၇ မျိုးတို့ကို သင်တန်းကာလ သုံးလအတွင်းမှာ စာတွေ့အပြင် လက်တွေ့ (on job)ကိုပါ ထည့်သွင်းထားသည့်အပြင်လေ့လာရေးခရီးသွား၍စာတမ်းများရေးသားခြင်းတို့ကိုပါ ဆောင်ရွက်စေမှာဖြစ်ပါတယ်။

ဒီသင်တန်းရဲ့ ရည်ရွယ်ချက်နဲ့အညီ စွမ်းရည်ပြည့်ဝတဲ့ ပြတိုက်နဲ့ စာကြည့်တိုက်ကြီးကြပ်တာဝန်ယူနိုင်တဲ့ အရည်အချင်းပြည့်ဝတဲ့ အရာထမ်းများဖြစ်လာမယ်လို ယုံကြည်ပါတယ်" ဟု ပြောကြားသည်။

ယင်းနောက်ပြတိုက်ပညာရပ်များကို ပို့ချသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ သင်တန်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်များဦးစီးဌာနအမျိုးသားပြတိုက်ညွှန်ကြားရေးမှူး ဒေါ်နုမြဇံက ရှင်းလင်းပြောကြားသည်မှာ-

"ပြတိုက်များကိုစနစ်တကျဖွင့်လှစ်ပြသနိုင်ရေးနဲ့ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများကို စနစ်တကျထိန်းသိမ်းနိုင်ရေးတို့အတွက် ဒီသင်တန်းမှာ ဘာသာရပ်ရှစ်ခု သင်ကြားပေးရာတွင် ပြတိုက်နှင့်စာကြည့်တိုက်ပညာအခြေခံသင်တန်း ဖွင့်လှစ်သင်ကြားရခြင်း၏ ရည်ရွယ်ချက်များ၊ ပြတိုက်ပညာနှင့် ပြတိုက်၏အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ပြတိုက်၏ လုပ်ငန်းတာဝန်များ၊ ပြတိုက်ဝန်ထမ်းဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ ပြတိုက်ဘဏ္ဍာငွေစီမံခန့်ခွဲမှုနှင့်ရန်ပုံငွေရှာဖွေခြင်း၊ ပြတိုက်အဆောက်အအုံ တည်ဆောက်ခြင်း၊ ပြတိုက်လုံခြုံရေးကိစ္စရပ်များ၊ ပြတိုက်



**သင်တန်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန အမျိုးသားပြတိုက် ညွှန်ကြားရေးမှူး ဒေါ်နုမြဇံ။**

ဆိုင်ရာဘာသာရပ်များကို ပြည်တွင်းပြည်ပ အတွေ့အကြုံ ရင့်ကျက်သည့် သင်တန်းဆရာ၊ ဆရာမ ၁၄ဦးတို့က သင်တန်းကာလတစ်လခွဲကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးမှာ ဖြစ်ပါတယ်။အဲဒီဘာသာရပ်ရှစ်ခုမှာပြတိုက်၏ လုပ်ငန်းတာဝန်များ၊ ဘာသာရပ်တွင် ပြတိုက်ပစ္စည်းစုဆောင်းခြင်းနှင့် စာရင်းသွင်းခြင်း၊ ပြတိုက်ပစ္စည်းစုဆောင်း ထိန်းသိမ်းခြင်း၊ ပြတိုက်ပစ္စည်းခင်းကျင်းပြသခြင်း၊သုတေသနနှင့် မှတ်တမ်းပြုစုခြင်း၊ လူထုဆက်ဆံ



**ရှေးဟောင်းသုတေသန၊အမျိုးသားပြတိုက် စာကြည့်တိုက်များ ဦးစီးဌာန မန္တလေး ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်(မန္တလေး)ဦးစီးအရာရှိ ဦးစိုးတင့်။**

ရေးနှင့်ပညာပေးခြင်းဆိုတဲ့အသေးစိတ်ဘာသာရပ်များကိုပါ ထည့်သွင်းပို့ချမှာဖြစ်သလို ပြတိုက်ဆိုင်ရာဘာသာရပ်များဆိုတဲ့ ခေါင်းစဉ်အောက်မှာလည်း ပြတိုက်ဆိုင်ရာ ရှေးဟောင်းသုတေသန၊ ဘူမိဗေဒ၊ မနုဿဗေဒ၊ သမိုင်း၊ ပန်းချီနှင့် ရှေးဟောင်းပစ္စည်းခေတ်ခွဲခြင်း နည်းပညာတို့ကိုပါ သက်ဆိုင်ရာဘာသာရပ်မှာကျွမ်းကျင်တဲ့ပညာရှင်များကအသေးစိတ်ပို့ချသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် စာကြည့်တိုက်ဆိုင်ရာဘာသာရပ်များအတွက် သင်တန်းပို့ချမည့် ဘာသာရပ်များနှင့် စပ်လျဉ်း၍ ပို့ချပေးမည့် အစီအစဉ်များကို အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး ဦးကျော်ဦးအား ဆက်လက်မေးမြန်းရာ ၎င်းက-

"စာကြည့်တိုက်ပညာရပ်နဲ့ပတ်သက်လို့ ယခင်က အခြေခံသင်တန်း (၅) ကြိမ် ပို့ချခဲ့ဖူးပါတယ်။ ယခုသင်တန်းကတော့ ပြတိုက်ပညာနဲ့ တွဲဖက်ပြီး ပို့ချပေးမယ့် သင်တန်းဖြစ်တဲ့အပြင် စာကြည့်တိုက်များ လုံခြုံရေးနှင့် သဘာဝ ဘေးအန္တရာယ်များမှ ကာကွယ်ထိန်းသိမ်းရေး တို့ကိုပါ ထည့်သွင်းပို့ချသွားမှာ ဖြစ်ပါတယ်။

"စာကြည့်တိုက်ပညာဘာသာရပ်များကတော့ စာကြည့်တိုက်လုပ်ငန်းများ မိတ်ဆက်၊ စာကြည့်တိုက်သမိုင်း၊ မြန်မာစာပေသမိုင်း၊ ပုံနှိပ်သမိုင်း၊ စာကြည့်တိုက် ပျိုးထောင်ဖွဲ့စည်းရေး၊ စာစုလုပ်ငန်း၊ ကတ်တလောက်လုပ်ငန်း၊ မျိုးတူစုလုပ်ငန်း၊ ရည်ညွှန်းလုပ်ငန်း၊ ပေပုရပိုက်နှင့်လက်ရေးစာ၊ စာပေပစ္စည်းများပြုပြင်ထိန်းသိမ်းရေး၊ စာပေပစ္စည်းများအား Digilization ပြုလုပ်ခြင်း၊ သဘာဝဘေးအန္တရာယ်များမှကာကွယ်ထိန်းသိမ်းရေးအညွှန်းကတ်များ ရေးသားခြင်း၊ စာစုစာရင်းပြုစုခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် စာကြည့်တိုက်သုံးအင်္ဂလိပ်စာဘာသာရပ်များကို ကျွမ်းကျင်၍အတွေ့အကြုံရှိသောပညာရှင် ၁၃ ဦးက ၁၇ ချိန်ခွဲ၍ ပို့ချသွားမှာဖြစ်ပါတယ်။

ဒီသင်တန်းမှ ကျွမ်းကျင်တဲ့ စာကြည့်တိုက်အုပ်ချုပ်သူ အရာထမ်းများကို မွေးထုတ်သွားမယ်လို့ လုံးဝယုံကြည်ပါတယ်"ဟု ပြောကြားသည်။

သင်တန်းကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် သင်တန်း၏ ဘာသာရပ်ဆိုင်ရာ ပို့ချပေးမည့် သင်တန်းဆရာများအပြင် သင်တန်းသား အချို့ကိုလည်း သင်တန်းတက်ရောက်ခြင်းနှင့် ခံစားမှု၊ သင်တန်းအပေါ်ထားရှိသည့် သဘောထား စသည်တို့နှင့်စပ်လျဉ်းမေးမြန်းခဲ့ရာ သင်တန်းသားတစ်ဦးဖြစ်သူ ရှေးဟောင်းသုတေသန အမျိုး



**ရှေးဟောင်းသုတေသန၊အမျိုးသားပြတိုက် စာကြည့်တိုက်ဦးစီးဌာန စစ်ကိုင်းတိုင်း ရွှေဘိုဌာန ဦးစီးအရာရှိ ဦးမြင့်သန်း။**

သားပြတိုက်နှင့် စာကြည့်တိုက်များ ဦးစီးဌာန မန္တလေးယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်(မန္တလေး) မှဦးစီးအရာရှိ ဦးစိုးတင့်က "ကျွန်တော့်အနေနဲ့ ရှေးဟောင်းသုတေသနလုပ်ငန်းများပြတိုက်နဲ့ စာကြည့်တိုက်ဆိုင်ရာ လုပ်ငန်းများကို တာဝန်ထမ်းဆောင်ရင်းသာ လေ့လာခဲ့ရပါတယ်၊ အခုလို သင်တန်းအနေနဲ့ စနစ်တကျသင်ကြားရခြင်း မရှိသေးပါဘူး။ဒီသင်တန်းကို တက်ရောက်ပြီး အတွေ့အကြုံရှိတဲ့ပညာရှင်များရဲ့ပို့ချချက်များကိုနာယူမှတ်သားသင်ယူခွင့်ရရှိတဲ့အတွက်အတိုင်းမသိဝမ်းမြောက်မိပါတယ်၊ ကိုယ့်ရဲ့ တာဝန်များကို အရည်အသွေးပြည့်မီစွာ စွမ်းဆောင်နိုင်တော့မယ်ဟု ယုံကြည်ပါတယ်၊ ဒီသင်တန်းအတွက် လိုအပ်မယ်ထင်တဲ့ ကြိုတင်စီစဉ်မှုများကိုလည်း လုပ်ဆောင်ခဲ့ပါတယ်၊ သင်တန်းကာလ တစ်လျှောက်လုံး အပတ်တကုတ် ကြိုးစားသင်ယူသွားမှာဖြစ်ပါတယ်"ဟု ဖြေကြားသည်။

ထို့အတူ သင်တန်းသားတစ်ဦးဖြစ်သူရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန စစ်ကိုင်းတိုင်း ရွှေဘိုဌာနမှ ဦးစီးအရာရှိ ဦးမြင့်သန်းကလည်း "ကျွန်တော့်အနေနဲ့ ဤသင်တန်းကို လိုလားစွာ တက်ရောက်ခြင်းဖြစ်ပါတယ်၊ မိမိလုပ်ဆောင်ရမယ့်တာဝန်များကို ပိုင်ပိုင်နိုင်နိုင် ထမ်းဆောင်နိုင်မယ့်အပြင်၊ ကိုယ့်လက်အောက်ရှိ ဝန်ထမ်းများကိုလည်း စနစ်တကျစီမံဆောင်ရွက်နိုင်တော့မှာ ဖြစ်လို့ ဒီသင်တန်းကို တန်ဖိုးထားပါတယ်။ ဒီသင်တန်းကြောင့်ကျွန်တော့်အနေနဲ့ ပိုမိုအရည်အသွေး ပြည့်ဝလာမယ်လို့လည်းယုံကြည်ပါတယ်။သင်တန်းရဲ့ စည်းမျဉ်းစည်းကမ်းတွေကို တိတိကျကျလိုက်နာပြီးသင်တန်းပြီးမြောက်အောင်နဲ့ ထူးချွန်အောင် ကြိုးစားသင်ယူသွားပါမယ်"ဟု ဖြေကြားသည်။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အရည်အချင်း ပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ်များဖြင့် တည်ဆောက်ရမည်ဖြစ်ရာ အဆိုပါ လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်က စီမံဖွင့်လှစ်ထားသည့် ပြတိုက်များ၊ စာကြည့်တိုက်များကိုစနစ်တကျစီမံထိန်းသိမ်းဖွင့်လှစ်နိုင်မည့်ပြတိုက်နှင့် စာကြည့်တိုက်ပညာ အထူးအခြေခံသင်တန်း(၁/၂၀၀၈)မှသည်ဆက်၍ဆက်၍တိုးတက်ဖြစ်ထွန်းနေသောနည်းပညာများဖြင့် သင်တန်းများ ဖွင့်လှစ်ပို့ချသွားမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက် ရပါသည်။ ။



**လှိုင်သာယာမြို့နယ် (၁၄)ရပ်ကွက် မန္တလေးလမ်း ကျောက်ချောကတ္တရာလမ်းခင်းရန် ကျောက်စီခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။**
(မြို့တော်စည်ပင်)

## ပညာဒါန ပြုမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်မြို့ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် အေးသာယာလမ်းနှင့် မိုးကောင်းလမ်းထောင့်၊ အဝိုင်းလေး ဘောက်ထော်မှတ်တိုင် ပစ္ဆိမာရုံတွင် အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဂျာမန် ဘာသာစကား၊ (Scholarship Winning, English Essay Writing Course)၊ အခြေခံအီလက်ထရွန်နစ်ပညာ၊ အခြေခံစာရင်းကိုင်ပညာ (LCCI-Level-I,II)၊ စီးပွားဖြစ် စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းများကို ပညာဒါနပြုလုပ်မည်ဖြစ်ရာ ဒီဇင်ဘာ ၆ ရက်၊ (စနေနေ့)တွင် စတင်သင်ကြားပို့ချပေးမည်ဟု သိရသည်။

တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့်သူများအတွက်လည်း ပညာဒါနသင်တန်းကို အဆိုပါ နေ့တွင်ပင် ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ရာ စိတ်ဝင်စားသူများ ၀၁-၄၀၀၁၆၃ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)



**ကော့ကရိတ်မြို့နယ် ချောင်းတောင်ရပ်ရှိလယ်သမား ဦးတင်လူ၏ ဦးပိုင်အမှတ်(၇)၊ ကွင်းအမှတ် (၁၃၀)တွင် ဆင်းသွယ်လတ်မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၄ ရက်က ကျင်းပရာ မိုးစပါး စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်ဥက္ကဋ္ဌဦးခင်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လှိုင်နှင့် မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးစဉ်။**
(ခရိုင်ပြန်/ဆက်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မား ရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် လပွတ္တာမြို့နယ် ရေတွင်းဆိပ်ကျေးရွာ ဆားလုပ်ငန်းလုပ်ကွက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

# ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် လပွတ္တာမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုများစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် လပွတ္တာမြို့နယ် ပြင်အလန်းကျေးရွာအုပ်စု သစ်ပုတ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဝါဝါဝင်းကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ဝါဝါဝင်းကုမ္ပဏီ တာဝန်ခံက သစ်ပုတ်ကျေးရွာ၌ တည်ဆောက်မည့် ကျေးလက်အိမ်ရာ ၄၇၅ လုံးအနက် အိမ်ရာအလုံး ၂၅၀ တည်ဆောက်ပြီးစီးမှု၊ ဆက်လက်ဆောက်လုပ်ရန် အတွက် ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ မြတ်နိုးသူကုမ္ပဏီတာဝန်ခံက သစ်ပုတ်ကျေးရွာ၌ ဆောက်လုပ်မည့် လူ ၅၀၀ ဆံ့ Cyclone Shelter တစ်လုံး ဆောက်လုပ်မည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

# မျိုးစေ့ထုတ် ကြက်သွန်စိုက်ခင်း

အပွင့်များဖူးပွင့်ဝေဆာနေသည့် မျိုးစေ့ထုတ် ကြက်သွန်စိုက်ခင်းကို တွေ့ရစဉ်။



# မကွေးတိုင်း ဂုဏ်မြှင့် မြေယာသစ် ကြက်သွန်နီ

**သတင်းဆောင်းပါး - စစ်နောင်(စာနယ်ဇင်း)၊ ဓာတ်ပုံမှတ်တမ်း - မြင့်လွင်(မကွေး)**

မိမိတို့ တာဝန်ကျဒေသအတွင်းရှိ ဖွံ့ဖြိုးတိုးတက်မှုများ၊ အောင်မြင်ဖြစ်ထွန်းမှုများအား သတင်းစာဖတ်ပြည်သူများအား တင်ပြနိုင်ရန် မကွေးတိုင်း၏ဂုဏ်ဆောင် ဒေသထွက်ကုန်တစ်ခုဖြစ်သော ကြက်သွန်နီ စိုက်ပျိုးခြင်း လုပ်ငန်းအကြောင်း သတင်းဆောင်းပါး လေ့လာရေးသားနိုင်ရန်အတွက် မကွေးမြို့နယ် ယင်းချောင်းအတွင်းရှိ ကြက်သွန်နီစိုက်ခင်းသို့ မကွေးတိုင်း ကုန်သွယ်လယ်ယာမှ တာဝန်ရှိသူများ၏အကူအညီဖြင့် သွားရောက်လေ့လာခွင့် ရခဲ့သည်။

မကွေးမြို့နယ် ယင်းချောင်း ကြက်သွန်နီစိုက်ခင်းသို့ ရောက်ရှိချိန်တွင် ကုမ္ပဏီစိုက်ခင်းတာဝန်ခံ ဦးမျိုးအောင်က မိမိတို့သတင်းအဖွဲ့အား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်၍ သာယာတင့်မောဖွယ် ပန်းချီကားတစ်ချပ်အလား လှပသည့် ကြက်သွန်နီစိုက်ခင်းများအား လိုက်လံပြသပြီး ကုန်သွယ်လယ်ယာမှ **စာမျက်နှာ ၉ ကော်လံ ၂ သို့** ▲

# ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းငယ် ပိုမိုအားကောင်းလာမည်

ရန်ကုန် ဒီဇင်ဘာ ၄

**ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ(ချင်းနိုင်)မြို့၏ အရှေ့တောင်ဘက် မိုင် ၈၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက်ယွန်းယွန်းသို့ ရွေ့လျားမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။** (သတင်းစဉ်)

## မီဒီယာသုတေသန အင်တာနက်သတင်း

# မိုဘိုင်းဖုန်းဖြင့် အင်တာနက်ကြည့်သူ ဗြိတိန်နိုင်ငံတွင် တိုးပွားလာ

**ဘာသာပြန် - ရေမောင်**

လန်ဒန် ဒီဇင်ဘာ ၄

**ဗြိတိန်နိုင်ငံတွင် မိုဘိုင်းဖုန်းအသုံးပြု၍ အင်တာနက်ကြည့်ရှုသူဦးရေ တိုးပွားလာကြောင်း နယ်လ်ဆင်အွန်လိုင်းအမည်ရှိ မီဒီယာသုတေသနအဖွဲ့၏ လေ့လာချက်အရ သိရသည်။**

ဗြိတိန်နိုင်ငံတွင် မိုဘိုင်းဖုန်းမှတစ်ဆင့် အင်တာနက်ကြည့်ရှုသူဦးရေ ၇ ဒသမ ၃ သန်းခန့်ရှိကြောင်း၊ ပီစီကွန်ပျူတာ အသုံးပြုကာ အင်တာနက်ကြည့်ရှုသူဦးရေမှာမူ သုံးရာခိုင်နှုန်း ပိုမိုများပြားလာကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

မိုဘိုင်းဖုန်းဖြင့် အင်တာနက်ကြည့်ရှုသူဦးရေ ၂၅ ရာခိုင်နှုန်းအထိ တိုးပွားလာခြင်းမှာ မိုဘိုင်းဖုန်းပိုင်ဆိုင်သည့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖